## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၃၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ရက် )

[ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈) ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၆၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။ ဦးဂျေယောဝူ၊ ကချင် (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာမြင့်ကြည်၊ ရန်ကုန် (၈)၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အစည်းအဝေး၊ ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်း (၃)၊ ကျန်းမာရေး၊ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ မိသားစု ကျန်းမာရေး၊ ဦးလှအေး၊ တနင်္သာရီ (၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးသက်နိုင်ဦး၊ ပဲခူး (၆)၊ ကျန်းမာရေး၊ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန် (၄)၊ ကျန်းမာရေး၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး၊ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးတင်မောင်မြင့်၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြအုန်း၊ ကချင်(၈)၊ ကျန်းမာရေး၊ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အစည်းအဝေး၊ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေအစည်းအဝေး၊ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး၊ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အစည်းအဝေး၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး၊ ဦးဘိုးရယ်အောင်သိန်း၊ ကယား(၈)၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအစည်းအဝေး၊ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကျန်းမာရေး၊ ဒေါက်တာဗညားအောင်မိုး၊ မွန် (၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အစည်းအဝေး၊ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်၏သက်တမ်းတိုးမြှင့် ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ သက်တမ်းတိုးမြှင့် ဖွဲ့စည်း ခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂၊ ၃၃ နှင့် ယင်း နည်းဥပဒေများ၏ နည်းဥပဒေ ၈၁၊ ၈၂ တို့အရ ၁-၈-၂၀၁၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ယင်းသက်တမ်း တစ်နှစ်ပြည့်မြောက်သည့် နေ့ရက်၏ နောက်တစ်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့် သက်တမ်းအတိုင်း တိုးမြှင့်ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်၏ သက်တမ်းတိုးမြှင့်သည့် အမိန့်ကြော်ငြာ စာကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ သက်တမ်းတိုးမြှင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်၏ သက်တမ်းတိုးမြှင့်ဖွဲ့စည်းခြင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းကဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေး တာများ ကျိုးပေါက်ခဲ့ရသဖြင့် ပြန်လည်တည်ဆောက်မည့် အစီအမံများ၊ ပြည်သူ့စစ်မဟာဗျူဟာကို စတင်ကျင့်သုံးမည့် အခြေအနေ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့များနှင့် နယ်မြေလုံခြုံမှုကို ပူးတွဲဆောင်ရွက်မည့် အစီအမံများနှင့်ပြည့်စုံသော နယ်ခြား လုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က ရခိုင်ပြည်နယ်အတွင်း နယ်စပ်လုံခြုံရေးတာများ ကျိုးပေါက်ခဲ့ရသဖြင့် ပြန်လည်တည်ဆောက်မည့် အစီအမံများ၊ ပြည်သူ့စစ်မဟာဗျူဟာကို စတင်ကျင့်သုံးမည့် အခြေအနေ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့များနှင့် နယ်မြေလုံခြုံမှုကိုပူးတွဲဆောင်ရွက်မည့် အစီအမံများနှင့်ပြည့်စုံသော နယ်ခြားလုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေရန် မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ဒီ မေးခွန်းကို မေးဖို့အတွက်

ပြီးခဲ့တဲ့ (၂)လလောက်က တင်ပြခဲ့ပါတယ်။ အဲဒီမှာလည်းပဲ ဖြစ်စဉ်လေးတွေက ဖြစ်သွားခဲ့တာမျိုး ဆက်တိုက်ဖြစ်လို့ပါ။

အဲဒီတော့ ဒီမေးခွန်းရဲ့ ဖြစ်စဉ်လေး အကြောင်းအရင်းကို အကျဉ်းချုံးပြီးတင်ပြချင်ပါတယ်။ ၂၀၁၂ နိုဝင်ဘာ(၆)ရက်နေ့မှာ နယ်စပ်လုံခြုံရေးအတွက် ခြံစည်းရိုးကာနေတဲ့ GE တပ်ဖွဲ့ဝင်(၃)ဦးဟာ ယာဉ်မီးရှို့ခံရ၊ ဖမ်းဆီးခြင်းခံရတဲ့ ဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ အဲဒီနောက်မှာ Website တချို့မှာ ဒီလူတွေနဲ့ အလဲအလှယ်လုပ်ဖို့ ထုတ်ပြန်ထားတာတွေကိုလည်း ကျွန်တော်တို့ ဖတ်ရပါတယ်။ နောက် ဇန်နဝါရီ၊ ၂၀၁၄ (၁၃)ရက်နေ့မှာ ခရေမြိုင်ကျေးရွာမှာရှိတဲ့ မိမိရဲတပ်ဖွဲ့ဝင် (၄)ယောက်ဟာ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ နောက် ဆယ်အိမ်ခေါင်းတို့နဲ့ နယ်စပ်လုံခြုံရေးအတွက် ကင်းလှည့်တဲ့အခါမှာ ဒုရှရားတန်းကျေးရွာ ရောက်တဲ့အခါမှာ ရွာသားတွေက ဝိုင်းဖွဲ့ပြီး ရိုက်နှက်ခြင်း၊ ဝိုင်းဝန်းပိတ်ဆို့ပြီး အန္တရာယ်ပြုတဲ့နောက်ပိုင်းမှာ ဒီရဲတပ်ကြပ်ကြီး ဦးအောင်ကျော်သိန်း ဟာ လက်နက်နဲ့အတူ အလောင်း ပျောက်ဖျက်တဲ့သဘောနဲ့ တွေ့ရှိရတဲ့ နောက်ပိုင်းမှာ ကျွန်တော်တို့ ဒုရှရားတန်းကျေးရွာမှာပဲ ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် မီးရှို့တယ်ဆိုတဲ့ ဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ အဲဒါကို နိုင်ငံခြား သတင်းဌာနတွေက မတော်မတရားသတင်းဖြန့်ချိပြီးမှ နိုင်ငံတော်အစိုးရကိုအကြည်အညိုပျက်ပြား စေနိုင်လောက်တဲ့အထိ ဝါဒဖြန့် လှုံ့ဆော်ပြီးတဲ့နောက်ပိုင်းမှာ ဒေသခံ INGO များ၊ ပြည်သူများက နိုင်ငံတော်အစိုးရဘက်က ရပ်တည်ပြီးမှ ဒီဖြစ်စဉ်အမှန်ကို တင်ပြခဲ့တဲ့ ဖြစ်စဉ်များ ဖြစ်ပွားခဲ့တာ ရှိပါတယ်။

နောက် ၂၀၁၄ မေလ (၁၇) ရက်နေ့မှာ တစ်ခါ နယ်ခြားခြံစည်းရိုးကာတဲ့ မိမိရဲ့ နယ်မြေအတွင်းထဲက ကင်းလှည့်နေတဲ့ဖြစ်စဉ်မှာ ကျွန်တော်တို့ ဒီနယ်ခြားစောင့်ရဲတပ်သား (၇)ဦးထဲကမှ (၄) ဦး ကျဆုံးပြီးကာမှ (၁)ဦးဒဏ်ရာရတယ်။ နောက် (၂)ဦးကလည်း ပျောက်ဆုံးပြီးမှ နောက်မှ ပြန်တွေ့တယ်ဆိုတာမျိုးနဲ့ ဒီတစ်ဖက်နိုင်ငံမှာ အခြေပြုတယ်လို့သုံးသပ်နိုင်တဲ့ RSO(၆၀)လောက်က ဝင်ရောက်ပစ်ခတ်တဲ့ ဖြစ်စဉ်သဘောမျိုးကြုံခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ဒီလက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်ရဲ့လုံခြုံရေး အစစအရာရာအားလုံးကို ပြည်တွင်းလုံခြုံရေးအဓိက ပြည်ထောင်စု အစိုးရမှာပဲ တာဝန်ကပိနေပြီးတော့မှ ပြည်နယ်အစိုးရရဲ့ လုံခြုံရေးတာဝန်နဲ့ပတ်သက်လို့ ပူးပေါင်းဆောင်ရွက်မှု အခြေအနေဟာ လျော့ရဲနေတာကိုတွေ့ရပါတယ်။ အဲဒါကြောင့် နယ်စပ်ဒေသမှာနေကြတဲ့ ပြန့်ကျဲနေတဲ့ တိုင်းရင်းသားရွာလေးတွေက တိုင်းရင်းသားပြည်သူတွေဟာ ဒီလုံခြုံရေးအဖွဲ့အစည်းများကိုဦ့မှာကိုက လုံခြုံမှုတစ်ခုခု လျော့ရဲနေတဲ့သဘော ဖြစ်တဲ့အခါမှာ ဒီလိုပြန့်ကျဲနေတဲ့ ကျေးရွာနေပြည်သူများ အားလုံးက မိမိတို့ရဲ့လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကို စိုးရိမ်သောက ဖြစ်လာတဲ့အခြေအနေ ရှိတဲ့အခါမှာ ဒီ မေးခွန်းတွေကို ကျွန်တော်တို့ မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်းကတော့(၄)ခု ရှည်ရှည်လျားလျား ကျွန်တော်မေးမြန်းထားပါတယ်။ အသေးစိတ်ကတော့ ပြည်ထဲရေး ဒုတိယဝန်ကြီးကလည်း ရရှိပြီးဖြစ်ပါတယ်။ အဲဒီမှာ အကျဉ်းချုံးပြီးမှပဲ ကျွန်တော်တင်ပြချင်ပါတယ်။ ကျွန်တော်ခုနက တင်ပြတဲ့အတိုင်းပါပဲ။ (၁) မေးခွန်းကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရရဲ့တာဝန်၊ တကယ်လက်တွေ့ ဆောင်ရွက်နေရတဲ့ ပြည်နယ်အစိုးရရဲ့ တာဝန်(၂)ခုအကြားမှာ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းပြီးမှ ဘယ်လို လုံခြုံမှုချိတ်ဆက်ပြီး နယ်ခြားဒေသ အထူးသဖြင့် နယ်စပ်မှာနေရတဲ့ ပြန့်ကျဲနေတဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ လုံခြုံမှုကို ဆောင်ရွက်

နိုင်မယ့် ရေတိုရေရှည် အစီအမံများ ဘယ်လိုလုပ်ထားသလဲ ဆိုတာလေးကို (၁) မေးခွန်းမှာ ကျွန်တော် မေးထားပါတယ်။ (၂) မေးခွန်းမှာတော့ဖြင့် ဒီလိုမိမိတို့ရဲ့ လုံခြုံရေးအဖွဲ့အစည်း၌ကိုက လုံခြုံမှုမေ့နေတဲ့သဘောဖြစ်တဲ့အခါမှာ ပြန့်ကျဲနေတဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ လုံခြုံရေး၊ သူတို့ရဲ့ လုပ်ငန်းခွင် လုံခြုံရေးအတွက် မိမိတို့ရဲ့ ကျေးလက်ပြည်သူများ၊ မိမိတို့ကိုယ်တိုင်ပါတဲ့ လုံခြုံမှုအစီအမံအရ ကျေးရွာပြည်သူ့စစ် တစ်နည်းအားဖြင့် ကျေးလက်ပြည်သူ့စစ် ပုံစံမျိုးနဲ့ တပ်မတော်ရဲ့ ချိတ်ဆက်မှုနဲ့များ ဒီဒေသကိုယ့်ကျေးရွာရဲ့ ခုနကလို ဖြစ်စဉ်လိုမျိုးမဖြစ်ရအောင် ကာကွယ်နိုင်လောက်တဲ့ အစီအစဉ် များဆွဲထားပြီးပြီလား။ အဲဒီအခါမှာလည်းပဲ အခြေခံဥပဒေပုဒ်မ ၃၄၀ အရ မည်သည့် မဟာဗျူဟာအစီအစဉ်များ၊ ပြည်သူ့စစ် မဟာဗျူဟာ အစီအစဉ်များကို ချမှတ်ထားပါသလဲ ဆိုတာလေးကို ရှင်းပြပေးနိုင်ရင် ရှင်းပြပေးပါ ဆိုတာကို (၂) မှာမေးထားပါတယ်။

(၃)ကတော့ဖြင့် ဒီလို နယ်စပ်လုံခြုံရေး အထူးသဖြင့် နယ်စပ်နေ ပြည်သူများရဲ့ လုံခြုံရေးကို ပူးတွဲဆောင်ရွက်နေတဲ့ နယ်ခြားစောင့်တပ်တွေရဲ့ လုံခြုံမှုကိုပိုပြီးရှိလာအောင် ခေတ်မီတဲ့ လက်နက်ကိရိယာများ တပ်ဆင်ပေးသွားမယ့် အစီအစဉ်များရှိသလားဆိုတာကို (၃)မှာ မေးထားပါတယ်။ (၄)မှာတော့ဖြင့် ဒီလိုနယ်စပ်ဒေသတစ်လျှောက်လုံးမှာ တာဝန်ထမ်းဆောင်နေကြရတဲ့ ခုနက အဖွဲ့အစည်းများနဲ့ ပြည်သူများပိုပြီး လုံလုံခြုံခြုံနေနိုင်သွားလာနိုင်အောင် ပြည့်စုံတဲ့နယ်ခြား လုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်၊ ဥပဒေအရ ပြဋ္ဌာန်းထားတဲ့ နယ်စပ်လုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်ရှိမှ ဟိုးအရင်က နစက လိုပုံစံမျိုးလူဝင်လူထွက်ကို စစ်ဆေးနိုင်တာတို့၊ အိမ်ထောင်စုကို စစ်ဆေးနိုင်တာတို့ မသင်္ကာဖွယ် ပုဂ္ဂိုလ်များကို ပုဒ်မ ၁၄၄ ထုတ်ပြီးကာမှ လိုအပ်သလို ဖမ်းဆီးနိုင်တာမျိုး၊ တာဝန်ယူရတဲ့ အဖွဲ့အစည်းများရဲ့ တာဝန်လုပ်ပိုင်ခွင့် အပြည့်အဝပါတဲ့ အစီအမံမျိုးနဲ့ ဒီပြည့်စုံတဲ့ နယ်ခြားလုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးဖို့ အချိန်သင့်လျော်နေပြီဆိုတာမျိုးနဲ့ ကျွန်တော် မေးမြန်းထားခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် ဒီမေးခွန်း (၄) ခုကို အကျဉ်းချုံးပြီး သက်ဆိုင်ရာ ပြည်ထဲရေး ဒုတိယဝန်ကြီးမှ ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြရာ၌ မြို့နယ်(စီမံခန့်ခွဲရေးကော်မတီ၊ အထောက်အကူပြု ကော်မတီ၊စည်ပင်သာယာရေးကော်မတီ)တို့၏ သဘောတူညီချက်ပါရှိရန် လိုအပ်ချက် ရှိ/မရှိ နှင့် မြို့နယ်(စီမံခန့်ခွဲရေး ကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ) များအစား အချိန်ပြည့်မြို့နယ်ကောင်စီ သို့မဟုတ် မြို့ကောင်စီ များဖြင့် ရွေးချယ်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်းဖြစ်တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များကို တင်ပြရာ၌ မြို့နယ်(စီမံခန့်ခွဲရေးကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီ)တို့၏ သဘောတူညီချက်ပါရှိရန် လိုအပ်ချက် ရှိ/မရှိနှင့် မြို့နယ်( စီမံခန့်ခွဲရေးကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီ)များအစား အချိန်ပြည့်မြို့နယ်ကောင်စီ သို့မဟုတ် မြို့ကောင်စီများဖြင့် ရွေးချယ်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျန်းမာရေးအခြေအနေအရ ဦးပေါလ်ထန်ထိုင်း ရဲ့ ကိုယ်စား ဦးစတီဗင်သာဘိတ် က မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ကိုယ်စားလှယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းရဲ့ ကိုယ်စား ကျွန်တော်တင်ပြမှုကို လွှတ်တော်ဥက္ကဋ္ဌကြီးက ခွင့်ပြုတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ သူတင်ပြတဲ့စာတမ်းကို မူရင်းအတိုင်းကို ကျွန်တော် ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ ရိုသေလေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်(၃) ထန်လားမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မိန့်ခွန်းကို ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးပြီးတိုင်း မိမိတို့မဲဆန္ဒနယ် ပြည်သူများနဲ့တွေ့ဆုံပြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနဲ့ ပတ်သတ်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနဲ့ ရေ၊ မီးရရှိရေး ကိစ္စများကို လွှတ်တော်မှ တစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြပေးပါရန် စာအားဖြင့်သော်လည်းကောင်း နှုတ်အားဖြင့်သော် လည်းကောင်း ကျွန်ုပ်ကိုမှာထားကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်နဲ့ ကျေးရွာများမှာရှိတဲ့ ပြည်သူများက မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ အထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီစသည့် ကော်သုံးကော် ခေါ် ကော်မတီ(၃)ခု ရှိတယ်ဆိုတာကို သိကြပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များကို မိမိတို့ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့အတွက် ယုံကြည်တယ်၊ အားကိုးတယ်။ ထိုအခါများ ပြည်သူအတွက် တင်ပြပါ၊ ပြောပေးပါ၊ ဆောင်ရွက်ပေးပါလို့ မှာထားတဲ့ အတွက် ကျွန်တော်တို့ကလည်း ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို လွှတ်တော်မှာယူလာခဲ့ခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းနဲ့ အဆိုများသည် ပြည်သူ့အသံများနဲ့ ပြည်သူ့ဆန္ဒများကို တိုက်ရိုက်ဖော်ထုတ်ပေးခြင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ မတူပါသဖြင့် အောက်ခြေမှ အဆင့်ဆင့်ထောက်ခံချက်ရယူရန် မလိုပါဘူး။ လွှတ်တော် ကိုယ်စားလှယ်များ၏ မေးခွန်းကို ဖြေကြားတဲ့အခါ ပေါ့ပေါ့ဆဆဖြင့် ဖြေကြားရန်လည်း မဟုတ်သင့်ပါ။ ပြည်သူ့အသံ၊ ပြည်သူ့လိုအင်ဆန္ဒ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်အထောက်အကူပြု ကော်မတီများ ဖွဲ့စည်းထားခြင်းသည် ကောင်းသော်လည်း ကော်မတီဝင်များသည် အချိန်ပြည့် မဟုတ်သည့်အပြင် မိမိတို့ မိသားစု၊ အလုပ်အကိုင်များ ရှိနေပါသဖြင့် အစည်းအဝေးမှန်မှန်တက်ရန်နှင့် လိုအပ်သည့် ဒေသများကို သွားရောက်လေ့လာခြင်းကို အချိန်ပေးရန် အခက်အခဲများရှိကြပါတယ်။ မြို့နယ်အတွက် အမှန်တကယ် အထောက်အကူပြုမယ့် ကော်မတီရှိစေချင်ပါက ယခုမြို့နယ်အထောက်အကူပြု ကော်မတီများနဲ့ မြို့နယ် သို့မဟုတ် မြို့တော်ကောင်စီလူကြီးများကို အများဆန္ဒဖြင့်ရွေးချယ်ပြီး အချိန်ပြည့် ဖွဲ့စည်းတာဝန်ပေးပါက မြို့နယ်အတွက် ပိုမိုအကျိုးပြုနိုင်မည်ဆိုတာကို တင်ပြရင်း အောက်ပါ မေးခွန်း (၃)ခုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်

မေးမြန်းလိုပါတယ်။ (၁) ကျေးလက်ဒေသဖွံ့ဖြိုးရေး ကိစ္စများကို လွှတ်တော်ကိုယ်စားလှယ်များက တင်ပြတဲ့အခါ အောက်ခြေမှ မြို့နယ်စီမံခန့်ခွဲရေး ကော်မတီ၊ အထောက်အကူပြုကော်မတီနဲ့ စည်ပင်သာယာရေးကော်မတီစတဲ့ ကော်သုံးကော်ရဲ့ သဘောတူထောက်ခံချက် ပါရှိရန် ဟုတ်/မဟုတ်။ (၂) အောက်ခြေထောက်ခံချက် မပါသော မေးခွန်းများကို အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၃) မြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ အထောက်အကူပြု ကော်မတီ၊ စည်ပင်သာယာ ရေးကော်မတီစတဲ့ ကော်သုံးကော်အစား အချိန်ပြည့်မြို့နယ်ကောင်စီ သို့မဟုတ် မြို့နယ်ကောင်စီဝင်များ ရွေးချယ်ဆောင်ရွက်ခြင်း အချိန်ပြည့် ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါကြောင်း။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ရခိုင်ပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင် ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ တင်ပြချက်များကို ပေါင်းစပ်ပြီးတော့မှ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်နိမိတ် ထိစပ်မှုဟာ ရေပြင်နယ်နိမိတ်မှာ နတ်မြစ်ဝကနေ နယ်စပ်မှတ်တိုင် (၃၁) ထိ (၃၉.၈၂) မိုင် ၊ ကုန်းနယ်နိမိတ် နယ်စပ်မှတ်တိုင် (၃၁ မှ ၇၃) မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ (၃)နိုင်ငံ နယ်နိမိတ် ဆုံရာအထိ (၁၂၈.၇၅) မိုင် ဖြစ်လို့ ရေ၊ ကုန်း နယ်နိမိတ် ထိစပ်မှု စုစုပေါင်းဟာ အလျား (၁၆၈.၅၇)မိုင် ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက် Action Plan ချမှတ်ပြီးတော့မှ တရားမဝင် ကျူးကျော် ဝင်ရောက်မှုများ တားဆီးကာကွယ်ရေး၊ ကုန်းမြေနယ်နိမိတ် လုံခြုံရေး၊ နတ်မြစ်ကြောင်းနဲ့ မြစ်ကြောင်းများ လုံခြုံရေး၊ ပင်လယ်ပြင် စိုးမိုးရေး၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင် ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေး၊ နယ်နိမိတ်လုံခြုံရေး တိုးမြှင့်ဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အတွင်း နောက်ထပ်ပဋိပက္ခများ မဖြစ်စေရန်ဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး စတဲ့ ရည်ရွယ်ချက်များနဲ့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ရာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရအဖွဲ့တို့က လုပ်ပိုင်ခွင့်တွေကို ခွဲဝေပြီးတော့ အချိတ်အဆက် မိမိနဲ့ ရေတိုအစီအမံများဖြင့် နှစ်နိုင်ငံထိစပ်ဧရိယာများမှာ တည်ရှိတဲ့ ပင်လယ်ပြင်၊ ကမ်းရိုးတန်း၊ မြစ်၊ ချောင်းများ လုံခြုံရေး စိုးမိုးနိုင်ရေးအတွက် တပ်မတော်ရေမှ ရေယာဉ်များနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှ ရဲလုံခြုံရေး ကင်းလှည့်ရေယာဉ်များဖြင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ ကုန်းမြေတို့ရဲ့ လုံခြုံရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်စွဲပါအမိန့်ကြော်ညာစာအမှတ် ၃၈/၂၀၁၃ ဖြင့် ဖွဲ့စည်းပြီးတော့ ရခိုင်ပြည်နယ်အတွင်းမှာ လုံခြုံရေးတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ အတွက် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်ထိ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ ကျေးရွာအဆင့်မြို့ရွာများမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အဓိကအခန်းကဏ္ဍမှ ပါဝင်တာဝန်ယူနိုင်ရေး ဆောင်ရွက်ခြင်း။ လက်ရှိကျင့်သုံးလျက်ရှိတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၊ ဒုက္ခသည်များ ဆိုင်ရာဥပဒေနဲ့ လူသားချင်းစာနာမှုဆိုင်ရာဥပဒေစတဲ့ နိုင်ငံတကာ ဥပဒေများကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနဲ့အညီ ပြည်သူလူထုအနေနဲ့ ပိုမိုသိရှိလိုက်နာနိုင်ရေး အတွက် ဆောင်ရွက်ခြင်း ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆောင်ရွက်မည့် အဖွဲ့အစည်းများအနေဖြင့် မငြိမ်မသက်မှုများ ဖြစ်ပွားနေချိန်မှာ လျင်မြန်စွာတုံ့ပြန် အရေးယူဆောင်ရွက်နိုင်ရန်နှင့် ခရိုင်မြို့နယ်များဟာ လုပ်ငန်းဆပ်ကော်မတီတွေရဲ့ ကြီးကြပ်မှုနဲ့ အချိန်နဲ့တစ်ပြေးညီ တရားဥပဒေ စိုးမိုးရေးကို တာဝန်ခံဆောင်ရွက်ခြင်း။ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များမှာ မငြိမ်မသက်မှုများ ဖြစ်ပွားနေစဉ်ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများရဲ့ ကြိုတင်သတ်မှတ်ဆောင်ရွက်ခြင်း လက်ရှိရခိုင်ပြည်နယ်အတွင်း လူမျိုးစုနှစ်စု ဖြစ်တဲ့ ရခိုင်နဲ့မူဆလင် ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေး ဆက်စပ်နေတဲ့ ဒေသများမှာ ပဋိပက္ခများ ထပ်မံမကူးစက်စေရေးဆိုတဲ့ ရေတိုရေရှည် လုံခြုံရေးအစီအမံများ ရေးဆွဲခြင်းစတဲ့ လုပ်ငန်းများကို သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်အထိ ခရိုင်မြို့နယ် စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ခရိုင် မြို့နယ်လုံခြုံရေး တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီနဲ့ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ ပြည်နယ်ဖြစ်စဉ် စိစစ်ရေး ကော်မတီကို သက်ဆိုင်ရာ ခရိုင်များ၊ မြို့နယ်များနဲ့ အခြားသတင်းဌာနများမှ ပေးပို့ရရှိတဲ့ သတင်းများကို ခိုင်မာမှု ရှိ၊ မရှိ စိစစ်ခြင်း၊ အထက်ဌာနကို အချိန်နဲ့ တစ်ပြေးညီ တင်ပြခြင်း၊ အခြားသတင်းဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ တုံ့ပြန်လှုပ်ရှား ဆောင်ရွက်ခြင်းများကို စီမံဆောင်ရွက်နိုင်ရန် ပြည်နယ် အုပ်ချုပ်ရေးမှူးမှ အဖွဲ့ ခေါင်းဆောင်အဖြစ် ပါဝင်တဲ့ ကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်ခြင်း ခရိုင်ပြုပြင် စိစစ်ရေးကော်မတီကို သက်ဆိုင်ရာမြို့နယ်များနဲ့ အခြားသတင်းဌာနများမှ ပေးပို့ရရှိတဲ့ သတင်းတွေကို ခိုင်မာမှု ရှိ၊ မရှိ စိစစ်ခြင်း အထက်ဌာနကို အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း အခြားသတင်းဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းခြင်း၊ တုံ့ပြန်လှုပ်ရှားဆောင်ရွက်ခြင်းများကို စီမံဆောင်ရွက်နိုင်ရန် ခရိုင်အုပ်ချုပ်ရေးမှူးကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးဖွဲ့စည်းခြင်း၊ ပြည်နယ် ဖြစ်စဉ်စိစစ်ရေးကော်မတီကို သက်ဆိုင်ရာ

ကျေးရွာများမှ အခြားသတင်းဌာနများမှ ပေးပို့ရရှိတဲ့ သတင်းများကို ခိုင်မာမှု ရှိ၊ မရှိ စိစစ်ခြင်း၊ အထက်ဌာနကို အချိန်နဲ့တစ်ပြေးညီ တင်ပြပြီးတော့ အခြားသတင်းဌာနများနဲ့ ပေါင်းစပ် ညှိနှိုင်းခြင်း၊ တုံ့ပြန်လှုပ်ရှားဆောင်ရွက်မှုများကို စီမံဆောင်ရွက်နိုင်ဖို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးကို အဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ပေးဖွဲ့စည်းခြင်း၊ ပြည်နယ်အရေးပေါ်ကာလ စီမံခန့်ခွဲမှု ကော်မတီကို ပြည်နယ်ဝန်ကြီးချုပ်မှ ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌ ပြည်နယ် အုပ်ချုပ်ရေးမှူး ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူးမှ တွဲဖက် အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းခြင်း ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆပ်ကော်မတီနဲ့ အခြားကော်မတီအသီးသီးမှ တင်ပြချက်များအပေါ် စုစည်းပြီးတော့ အရေး ပေါ်ကာလအချိန်အခါတွေမှာ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ခြင်း ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးခြင်း၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ မြို့မိမြို့ဖများရဲ့ လိုလားတင်ပြချက်များအရ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ရေးဆွဲပြီးတော့မှ လုံခြုံရေး အဖွဲ့အစည်းများ သက်ဆိုင်ရာဌာနဆိုင်ရာများ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရေရှည်အစီအမံများအဖြစ် ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် လုံခြုံမှုရှိစေရေးအတွက် ဦးစွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများ ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ခြင်းနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ရေရှည်ခိုင်မာစေရန် အကောင်အထည် ဖော် ဆောင်ရွက်ခြင်းတို့ကို အပိုင်းလိုက်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့က နယ်စပ်မှတ်တိုင် အမှတ် (၅၁)နဲ့ (၅၂) ကြား ခြံစည်းရိုးအနီးမှာ ဖြစ်ပွားခဲ့တဲ့ အမှတ် ၉၄၄ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်းမှ တပ်ကြပ်ကြီး ခိုင်ထွန်းအောင် နဲ့ အရပ်သား လမ်းဝန်ထမ်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့က ဒုတိယတန်း အလယ်ကျေးရွာ စာသင်ကျောင်းအနီးမှာ ဖြစ်ပွားခဲ့တဲ့ မောင်တောမြို့နယ်၊ ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ် ကြီး အောင်ကျော်သိန်း ဦးစီးတပ်ဖွဲ့ဝင်(၄)ဦးနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး အုပ်ချုပ်ရေးမှူးအဖွဲ့ဝင်(၄) ဦးတို့ရဲ့ ဖြစ်စဥ်နဲ့ ၂၀၁၄ ခုနှစ် မေလ ၁၇ ရက်နေ့က နယ်စပ်မှတ်တိုင်(၅၂)နဲ့ နတ်ရေကန်ကြားမှာ ဖြစ်ပွားခဲ့တဲ့ နယ်စပ်မှတ်တိုင် (၅၃) ရဲကင်းစခန်းမှ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင် (၈)ဦးတို့ရဲ့ ဖြစ်စဥ်များ က နယ်စပ်ခြံစည်းရိုးလုံခြုံရေးကို လှည့်ကင်းနဲ့ စိုးမိုးဆောင်ရွက်လျက်ရှိရာမှာ လှည့်ကင်းလုံခြုံရေး လစ်ဟာသွားတဲ့အချိန်မှာ အလစ်ဝိုက်ဆောင်ရွက်သွားခြင်း ရည်ရွယ်ချက်ရှိရှိ အကွက်ကျကျ ဖန်တီးပြီး တော့ ကြိုတင်စီစဥ်လုပ်ဆောင်ခဲ့တဲ့အတွက် အကြမ်းဖက်ခံရခြင်းနဲ့ မြေပြင်အနေအထားအရ အလစ် အငိုက်ပစ်ခတ်ခံရခြင်းဖြစ်ရာ နယ်မြေတစ်စိတ်တစ်ပိုင်း သော်လည်းကောင်း တစ်ခုလုံးသော်လည်း ကောင်း၊ ရန်သူလက်အောက်သို့ ကျရောက်သွားခြင်း မဟုတ်ပါ။

မြန်မာနိုင်ငံရဲ့ နယ်ခြားဒေသများ လုံခြုံရေး ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေး လုပ်ငန်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နဲ့ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားကို ထိခိုက်စေမယ့် အန္တရာယ်များမှ ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်ထဲရေး

ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝန်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အကောက်ခွန်ဦးစီးဌာနတို့ ပါဝင်တဲ့ အမှတ်(၁)နယ်ခြားစောင့် ရဲတပ်ဖွဲ့ Border Guard Police - BGP ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ စတင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်။

ယခုကဲ့သို့ လူအုပ်စုနဲ့အကြမ်းဖက်မှုကို ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ရေးနဲ့ နှစ်နိုင်ငံနယ်စပ်အနီးတိုက်ခိုက်မှု ဖြစ်စဉ်များ ထပ်မံ မဖြစ်ပေါ်စေရေးအတွက် အပတ်စဉ် ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်(၁)နယ်ခြားစောင့် ရဲတပ်ဖွဲ့မှူး ဦးဆောင်တဲ့ လုံခြုံရေးအစည်းအဝေး၊ စစ်ဆင်ရေးကွပ်ကဲရေးမှူး ဦးဆောင်တဲ့ လုံခြုံရေးနှင့် သတင်းညှိနှိုင်းအစည်းအဝေးကွပ်ကဲရေးနဲ့ ဌာနချုပ်မှူး ဦးဆောင်တဲ့ လုံခြုံရေးနဲ့ သတင်းညှိနှိုင်း အစည်းအဝေးများ ပြုလုပ်ပြီးတော့ ဒေသတွင်းလုံခြုံရေးကိစ္စများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူ ပြည်နယ်အဆင့်မှာလည်း ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်ပြီးတော့ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့ ပါဝင်တဲ့ လုံခြုံရေးနှင့် သတင်းရယူရေးဆိုင်ရာ ကိစ္စရပ်များကို ရက်သတ္တ(၁)ပတ်လျှင်(၃)ရက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသမှာရှိတဲ့ တပ်ဖွဲ့ဝင်များ စွမ်းရည်မြင့်မားရေးအတွက် စစ်နည်းဗျူဟာ ကျွမ်းကျင်မှု (တပ်ခွဲ) အဆင့်သင်တန်း၊ လက်နက်ငယ် ကျွမ်းကျင်မှုသင်တန်း စစ်မြေပြင်အခြေခံကျွမ်းကျင်မှုသင်တန်း၊ အဓိကရုဏ်း နှိမ်နင်းရေး၊ မွမ်းမံသင်တန်း၊ Inflatable Boat Basic Training သင်တန်း၊ အလုပ်ခွင် မပျက်လုပ်ငန်းခွင် သင်တန်း EU မှ ပို့ချတဲ့ လူစုလူဝေးကို စနစ်တကျထိန်းသိမ်းနည်းဆင့်ပွားသင်တန်းတွေကိုလည်း စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြား ပေးလျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနဲ့ စပ်လျဉ်းလို့ တပ်မတော် (ကြည်း)နယ်မြေခံတပ်များအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးခံစစ်စခန်းများ အဆင့်ဆင့်ထားရှိခြင်း၊ တပ်မတော်(ရေ) နယ်မြေခံရေတပ်များဖြင့် အခြေခံမျဉ်း၊ သီးသန့်စီးပွားရေးဇုန်နဲ့ နယ်နိမိတ်မျဉ်းတစ်လျှောက် ကာကွယ်ရေးနဲ့လုံခြုံရေးစနစ်များ ထားရှိပြီး တပ်မတော် (လေ) နယ်မြေခံ လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့နှင့် ပေါင်းစပ်၍ Air Defence System စသည်များကိုလည်း ကြိုတင်စီမံ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

အငူမော်မှ နတ်မြစ်ဝအထိ ပင်လယ်ပြင်ဆက်စပ်မှု အရှည်(၆၆.၁၈)မိုင်၊ နတ်မြစ်ဝမှ နယ်စပ်မှတ်တိုင်(၃၁)အထိ (၃၉.၈၂)မိုင်နဲ့ နယ်စပ်မှတ်တိုင်(၃၁)မှ နယ်စပ်မှတ်တိုင်(၅၄)အထိ ကုန်းနယ်နိမိတ်ထိစပ်မှု (၃၇.၆၆)မိုင် ရှိတဲ့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ၎င်းနယ်မြေလုံခြုံမှုကို အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ရုံး ကွပ်ကဲမှုအောက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများနဲ့ နယ်မြေခံ တပ်များဖြင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် နယ်မြေ(၁၁)ခု ပိုင်းခြားပြီးတော့ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲများနှင့်နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေးအဖွဲ့(မကဖ)၊ အကောက်ခွန်ဦးစီးဌာနတို့နဲ့ ပူးပေါင်းပြီးတော့ နယ်စပ်ဒေသနဲ့ နယ်မြေလုံခြုံရေးကို ဖြန့်ခွဲတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်တားဆီးရေး (မကဖ)မှာ ရုံးအဖွဲ့နဲ့ဒေသ(၄)ခုမှာ အဖွဲ့(၄)ဖွဲ့ ဖွဲ့စည်းထားရှိပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများနဲ့ ပူးပေါင်း

ပြီးတော့ လူဝင်မှုကြီးကြပ်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု တားဆီးနှိမ်နင်းရေး၊ အမျိုးသား မှတ်ပုံတင်ရေးနှင့် လူဦးရေတိုးပွားမှု စောင့်ကြပ်ရေးတို့ကို ဆောင်ရွက်လျက် ရှိပါတယ်။

မောင်တောခရိုင်နဲ့ ဘူးသီတောင်မြို့နယ်များမှာ နယ်မြေလုံခြုံရေး ဆောင်ရွက်ရာမှာ ပြည်သူ့ စစ်အဖွဲ့များ၊ ဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိရာမှာ မိမိနှင့် မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင် လုံခြုံရေး ယူမယ့် အစီအစဉ်ကို စတင်ကျင့်သုံးနိုင်ရေးအတွက် ကွပ်ကဲမှုနယ်မြေ (၁၀)ခုမှာရှိတဲ့ ကျေးရွာအုပ်စု တွေမှာ ပြည်သူ့စစ်များဖွဲ့စည်းပြီး မောင်းပြန်လက်နက်များတပ်ဆင်ကာ စီမံလေ့ကျင့်တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့ရုံးနဲ့ ကွပ်ကဲမှုအောက် နယ်ခြားစောင့်ရဲ တပ်ဖွဲ့ခွဲများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ တပ်ဖွဲ့ဝင်များအနက် ဒေသသုံးဘာသာစကား နားလည် ပြီး နယ်မြေကျွမ်းကျင်တဲ့ ဒေသခံ ရခိုင်မျိုးနွယ်စုများနဲ့ ဗမာများ အပါအဝင် အခြား တိုင်းရင်းသား တပ်ဖွဲ့ဝင်များလည်း တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အမှတ်(၁)နယ်ခြားစောင့်ရဲ ကွပ်ကဲမှု အဖွဲ့ရုံး နဲ့ကွပ်ကဲမှုအောက်ရှိတဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲများမှာ ခေတ်မီမောင်းပြန် လက်နက်များနဲ့ နယ်မြေ လုံခြုံရေး တာဝန်အား ဆောင်ရွက်လျက်ရှိပါတယ်။

ယခုအခါ နယ်စပ်ဒေသမှာ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာ တပ်/ဌာနချုပ် များ၊ အပြည့်အဝ စီမံထားရှိပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသ တရားမဝင် ဝင်/ ထွက်မှုမရှိစေရေးနဲ့ အခြားလုံခြုံရေး ကျိုးပေါက်မှုအန္တရာယ်များမှ ကာကွယ်နိုင်ရန်အတွက် အနောက် ဘက်နှစ်နိုင်ငံ ထိစပ်ရေပြင်နယ်နိမိတ် မှတ်တိုင်အမှတ်(၁)မှ (၂)အထိ နတ်မြစ်ဝဖြစ်ရာ မှတ်တိုင် အမှတ်(၂)မှစ၍ နယ်နိမိတ်မှတ်တိုင် အမှတ်(၆၆)အထိ ခြံစည်းရိုး ကာရံထားရှိပြီး ဖြစ်ပါ တယ်။

စတုတ္ထအဆင့်အနေနဲ့ ကျန်နယ်နိမိတ် မှတ်တိုင်အမှတ်(၆၆)မှ မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံဆိုင်ရာ မြန်မာ-အိန္ဒိယ နယ်နိမိတ်မှတ်တိုင် အမှတ်(၁)အထိ (၅၃.၉၁)မိုင်ကို ခြံစည်းရိုး ဆက်လက်ကာရံသွားရန် ရှိပါတယ်။ ရခိုင်ဒေသတစ်ခုတည်း သာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးလွှမ်းခြုံလျက် နယ်စပ်ဒေသအားလုံးရဲ့ လုံခြုံရေးနဲ့ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် တပ်မတော်အနေနဲ့ လိုအပ်တဲ့ လုံခြုံရေး အစီအမံများ ကို စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ နှစ်နိုင်ငံ နယ်စပ်ရေးကိစ္စများကို အောက်ခြေအဆင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊ နယ်ခြားကော်မတီ အစည်းအဝေးများ (အလံတင်ဆွေးနွေးပွဲ)များ ပြုလုပ်၍ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဆောင်ရွက်မှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြခြင်းများ ဆောင်ရွက် လျက်ရှိပါတယ်။ အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့အနေနဲ့ တရားမဝင်ခိုးဝင်/ ခိုးထွက်မှုမှ ကာကွယ်တားဆီးရေး၊ တရားမဝင် အကောက်အခွန်မဲ့ပစ္စည်း ခိုးသွင်း/ခိုးထုတ်မှုမှ ကာကွယ်တားဆီး ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး၊ စစ်ဖက်ရေးရာလုံခြုံရေးသတင်းများ၊ စုဆောင်း တင်ပြရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားကို ထိခိုက်လာမည့် အန္တရာယ်မှ ကြိုတင်ကာကွယ် စောင့်ရှောက်ရေး၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသအားလုံးမှာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို အပြည့် အဝ တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲ တပ်ဖွဲ့ဥပဒေ ကို ပြဋ္ဌာန်းနိုင်ရေးအတွက်

ဥပဒေကြမ်းရေးဆွဲရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်ထန်ထိုင်း ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၀၀(၅) /၇/ သမ္မတရုံးရဲ့ ညွှန်ကြားချက်အရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအနေနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်များအလိုက် တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို ဥပဒေနှင့်အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနဲ့ ကွပ်ကဲမှု နယ်မြေအတွင်းမှာ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်တဲ့ ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများကို ဖွဲ့စည်းတာဝန် ပေးဆောင်ရွက်လျက်ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(က)နဲ့ (ဂ)တို့အရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေဟာ အမျိုးသားစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကစတဲ့ အင်အားစုများပါဝင်ပြီး အများပြည်သူတို့၏ လူမှုစီးပွားနေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးကို ရှေးရှုဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃ နဲ့ မြို့နယ်များမှာ အများဆန္ဒနှင့်အတူ ရွေးချယ်ထားတဲ့ ဒေသခံများနဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်း(၂)ဦးပါဝင်သော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကိုလည်းကောင်း၊ ရပ်ကွက်/ ကျေးရွာများမှ ကိုယ်စားလှယ်များ ပါဝင်တဲ့ ရပ်ကွက်/ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ အတည်ပြုပြဋ္ဌာန်းထားတဲ့ စည်ပင်သာယာရေး ဥပဒေနှင့်အညီ ကော်မတီဖွဲ့စည်းခြင်း အပိုင်းမှာ တစ်ပြေးညီ ဖြစ်စေဖို့အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၅-၁)/ ၇/ သမ္မတရုံးဖြင့် ညွှန်ကြားချက်အရ မြို့နယ်များမှာ မြို့မိမြို့ဖအဖွဲ့အစည်း၊ လူမှုရေး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက် ပညာအခြေပြု အဖွဲ့အစည်းများမှ အများဆန္ဒအရ ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များ အပါအဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်း (၃)ဦး ပါဝင်သော မြို့နယ် စည်ပင်သာယာရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီဖွဲ့စည်းထားတဲ့ မြို့နယ်အဆင့်ကော်မတီများသည် အနည်းဆုံး (၁)လလျှင် (၁)ကြိမ် တွေ့ဆုံဆွေးနွေးပြီးတော့ ရပ်ကွက်/ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီမှ တင်ပြလာတဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအလိုက် ရွေးချယ်ပြီး သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

မြို့နယ်များရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဖွဲ့စည်းထားရှိတဲ့ ကော်မတီများမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိတဲ့အပြင် အဆိုပါ ကော်မတီများရဲ့ ထောက်ခံချက်များ မပါရှိသော်လည်း လုပ်ငန်း လိုအပ်ချက်များရှိကြောင်း တင်ပြမေးမြန်းလာတဲ့အခါမှာ ဒေသန္တရ အခြေအနေများနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ စိစစ်၍ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ မြို့နယ်များမှာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ ပြုကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဖွဲ့စည်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အကြံဉာဏ် များရယူကာ ဒေသခံများနဲ့ပူးပေါင်းပြီး ဒေသအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်သူ့ဗဟိုပြုစနစ်နဲ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါ သဖြင့် မြို့နယ်အတွင်းမှာ အချိန်ပြည့် မြို့နယ်ကောင်စီ သို့မဟုတ် မြို့ကောင်စီများ ရွေးချယ်ဖွဲ့စည်းရန်အတွက် အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အထဲမှာ ရခိုင်နဲ့ မူဆလင် ပဋိပက္ခဆိုတာ သုံးသွားတယ်။ ရခိုင်ဆိုတာတော့ တိုင်းရင်းသားလူမျိုးပဲ မူဆလင်ဆိုတာက ကိုးကွယ်တဲ့ ဘာသာ၊ ဘာသာရေးကြောင့် ဖြစ်တာ မဟုတ်ပါဘူး။ တကယ်တော့ ရာဇဝတ်မှုကြောင့် ဖြစ်တဲ့ကိစ္စပါ။ အဲဒီတော့ မူဆလင် ဆိုတာတော့ မသုံးပါနဲ့၊ ရခိုင်နဲ့ မူဆလင်လို့ မသုံးပါနဲ့။

**ငဖဲမြို့နယ်အတွင်း တရုတ် - မြန်မာ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမှုတွင် ပိုက်လိုင်းမြှုပ်နှံခြင်း၌ မြေစာပုံများပိ၍ ပျက်စီးသွားသော နှစ်ရှည်ပင်များအတွက် အပင်လျော်ကြေး ပေးအပ်ရမည့်အစား မြေဧကပေါ် မူတည်၍ တွက်ချက်ပေးလျော်ခြင်းသည် သင့်လျော်မှန်ကန်မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ငဖဲမြို့နယ်အတွင်း တရုတ်-မြန်မာ ဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းမှုတွင် ပိုက်လိုင်းမြှုပ်နှံခြင်း၌ မြေစာပုံများပိ၍ ပျက်စီးသွားသော နှစ်ရှည်ပင်များအတွက် အပင်လျော်ကြေး ပေးအပ်ရမည့်အစား မြေဧကပေါ်မူတည်၍ တွက်ချက်ပေးလျော်ခြင်းသည် သင့်လျော် မှန်ကန်မှုရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပဏာမနှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ ငဖဲမြို့နယ် အတွင်း တရုတ်-မြန်မာ ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းမှုတွင် ပိုက်လိုင်းမြှုပ်နှံခြင်း၌ မြေစာပုံများပိ၍ ပျက်စီးသွားသော နှစ်ရှည်ပင်များအတွက် အပင်လျော်ကြေး

ပေးအပ်ရမည့်အစား မြေဇကပေါ် မူတည်၍ တွက်ချက်ပေးလျော်ခြင်းသည် သင့်လျော်မှန်ကန်မှု ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ဖြေကြားပေးစေလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော် Projecter အနည်းငယ် အသုံးပြု ပါမယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငဖဲမြို့နယ်အတွင်း ဂုတ်ကြီး၊ ဘုံးတော၊ စွန်တက်၊ လင်းတဲ၊ ပဘဲကျေးရွာအုပ်စုများအတွင်းမှာ ဖြတ်သန်းသွားတဲ့ တရုတ်-မြန်မာဓာတ်ငွေ့ ပိုက်လိုင်း အတွက် မီတာ(၃၀)အတွင်းမှာရှိတဲ့ မြေလျော်ကြေး၊ သီးနှံလျော်ကြေးများကို ထိုက်တန်စွာ ရရှိခဲ့ပြီး ဖြစ်ပါတယ်။ အချို့တောင်သူများဆိုလျှင် ထိုက်တန်တဲ့ လျော်ကြေးရတဲ့အတွက်ကြောင့် ငွားရမ်းခ မြင့်မားတဲ့ မြန်မာပြည်မှာဈေးအကြီးဆုံးလို့ဆိုတဲ့ မြန်မာပြည်ကျောက်စိမ်း ဆိုင်းအဖွဲ့ကြီးကို ငှားပြီးတော့ အလှူအတန်းတွေ လုပ်နိုင်ခဲ့တဲ့အထိ လျော်ကြေးတွေ ရရှိခဲ့တယ်ဆိုတာကိုလည်း ဝမ်းမြောက်စွာ တွေ့ရှိ ရပါတယ်။ သို့သော်လည်းပဲ ပိုက်လိုင်းမြှုပ်နှံရာမှာ မြောင်းတူးဖော်တဲ့နေရာမှာ မြေစာပုံတွေ ပိပြီးတော့ စောစောတုန်းက ပုံဆိုရင် ကော်ဖီပင်တွေ ပိသွားတာဖြစ်ပါတယ်။ ဒီလိုပိသွားပြီးတော့ အဲဒါတွေကို လျော်ပေးဖို့ရာအတွက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှာ မကွေးတိုင်းဒေသကြီး သီးနှံလျော်ကြေးပေး အဖွဲ့ မြို့နယ်မြေစာရင်း၊ ရပ်ကျေးမြေယာကော်မတီတို့က ကွင်းဆင်းပြီး ပျက်စီးသွားတဲ့ ကော်ဖီပင်များ ကို မှတ်တမ်းပြုပြီးတော့ တစ်ဦးချင်း တောင်သူများကို လက်မှတ်ရေးထိုး စေခဲ့ပါတယ်။ မင်းဘူးခရိုင် သစ်တော AD ဦးဆောင်တဲ့ အဖွဲ့ကလည်း ဒုတိယအကြိမ် ကွင်းဆင်းထပ်မံစစ်ဆေးပြီးတော့ အတည်ပြု ပါတယ်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြေယာသီးနှံလျော်ကြေးပေး ရေးအဖွဲ့တို့ဟာ ဂုတ်ကြီးကျေးရွာကို ရောက်ရှိလာပြီး လျော်ကြေးပေးရမည့် ပမာဏများလွန်းနေကြောင်း၊ လျော်ကြေးပေးရေး အဖွဲ့ခေါင်း ဦးအောင်ကိုကိုစိုး (M.O.G.E)မှ လက်ရှိတွက်ချက်ထားတဲ့ လျော်ကြေး ရဲ့ (၄၅)ရာခိုင်နှုန်းကိုသာ လက်ခံမည်ဆိုပါက (၁၀)ရက်အတွင်း ပေးလျော်နိုင်ရန် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းညှိနှိုင်းရာ တောင်သူတွေက မူလကွင်းဆင်းစစ်ဆေးခဲ့တဲ့ စာရင်းမှ (၃၀)ရာခိုင်နှုန်းကို လျော့ချပေးပါမယ်၊ (၇၀)ရာခိုင်နှုန်းကိုသာပေးလျော်ပါ၊ အဲဒီလိုလက်ခံပါမယ်ဆိုပြီးတော့ လက်မှတ်ရေး ထိုးပေးခဲ့တယ်လို့ တင်ပြပါတယ်။ ဆိုလိုတာကတော့ (M.O.G.E) က (၅၅)ရာခိုင်နှုန်း လျော့ပေးပါလို့ တောင်းဆိုချက်ကို တောင်သူများက (၃၀)ရာခိုင်နှုန်းထိ လျော့ပေးမယ်လို့ သဘောတူခဲ့ခြင်း ဖြစ်ပါ တယ်။ မူလက မီတာ (၃၀)အတွင်း ပါသွားတဲ့ ကော်ဖီပင်တွေကို ပေးလျော်စဉ်အချိန်က ကော်ဖီပင် တစ်ပင်ကို အကြီးတစ်ပင် (၂၈၀၀၀)ကျပ် အသေးတစ်ပင်ကို (၃၅၀၀၀)ကျပ် ဈေးဖြစ်ပါတယ်။ လက်ရှိ တောင်သူများ ပေးလျော်လိုက်တဲ့ နှုန်းကတော့ ကော်ဖီပင် အကြီးတစ်ပင်ကို (၁၉၀၀၀)ကျပ်၊ အသေး တစ်ပင်ကို (၃၅၀၀)ကျပ်အတိုင်း သဘောတူ လက်မှတ်ရေးထိုးပေးခဲ့ပါတယ်။ အပင်အရေအတွက်ကို မူလက တစ်ဇကကို အကြီး (၅၀)ရာခိုင်နှုန်း၊ အသေး (၅၀)ရာခိုင်နှုန်း တွက်ချက်ရာမှ တစ်ဇကလျှင် အကြီးက (၁၀)ရာခိုင်နှုန်း အသေးက (၉၀)ရာခိုင်နှုန်းအထိ လျော့ပေါ့ တွက်ချက်မှုကိုလည်း တောင်သူ များက လက်ခံခဲ့ကြပါတယ်။

သို့သော်လည်းပဲ ကွင်းဆင်းစစ်ဆေး သဘောတူညီပြီးတော့ (၂)နှစ်ကြာတဲ့ အခါမှာ ၁၀-၆-၂၀၁၄ တင်ပြပါနေ့မှာတွေ့တဲ့အတိုင်း မြေစာကျ ထောက်ပံ့ကြေး ပေးဆပ်ခြင်း ခေါင်းစဉ်နဲ့ တောင်သူ များနှင့် မူလညှိနှိုင်းထားခြင်း မဟုတ်သော တစ်ဇက လျှင် (၃၉.၉) သိန်းနှုန်းဖြင့် ငဖဲမြို့နယ် အထွေထွေ

အုပ်ချုပ်ရေးမှူးရုံးမှာ လာရောက်ထုတ်ယူရန် ညွှန်ကြားတဲ့အတွက် မိုးရာသီကာလအစမှာ ငွေလိုအပ်နေတဲ့ တောင်သူများက သွားရောက်ထုတ်ယူခဲ့ကြပြီဖြစ်သော်လည်း မူလသဘောတူညီချက်အတိုင်း မဟုတ်တဲ့ အတွက် တရားမျှတခြင်းမရှိလို့ ထင်မြင်ယူဆတဲ့တောင်သူတွေဟာ စုစုပေါင်း (၅၂)ဦးဟာ ကျွန်တော့် ဆီကို ၁၅-၆-၂၀၁၄ က လူကိုယ်တိုင် အုပ်စုလိုက်ကြီး လာရောက်ပြီးတော့ တင်ပြကြ ပါတယ်။

သူတို့တင်ပြချက်ကတော့ တစ်ဧကကို (၃၉.၉)သိန်းဆိုတာ ထိုက်တန်တဲ့ လျော်ကြေးဖြစ် သော်လည်းပဲ မူလက ကော်ဖီပင်တစ်ပင်ချင်းအတွက် (၂)ကြိမ်တိုင် ကွင်းဆင်းစစ်ဆေးခဲ့ပြီးကာမှ (၃၀) ရာခိုင်နှုန်း အထိလည်း ဈေးလျှော့ပေးခဲ့တယ်။ တစ်ဧကကော်ဖီပင် အရေအတွက်ကိုလည်း အကြီး (၅၀)၊ အသေး(၅၀)မှ အကြီး(၁၀)၊ အသေး(၉၀)အထိ လျှော့ပေါ့ပေးခဲ့ပြီးလည်းဖြစ်တယ်။ အဲဒီလို ဆောင်ရွက်ပြီး ဖြစ်ပါသော်လည်း အပင်တန်ဖိုးကို ထည့်သွင်းတွက်ချက်ခြင်းမရှိတော့ဘဲနဲ့ ဧကပေါ် မူတည်ပြီးတော့၊ လုံးပြီးတော့ တစ်ဧကကို(၃၉.၉)သိန်း လျော်ကြေးပေးတာဟာ သင့်လျော်မျှတမှု ရှိပါရဲ့ လား။ မေးပေးစေ လိုပါတယ်လို့ တောင်သူ (၅၂)ဦးက လက်မှတ်ရေးထိုးပြီးတင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီဆိုတာ အများရဲ့ဆန္ဒလို့ဆိုသော်လည်း ပဲ လူနည်းစုရဲ့ ဆန္ဒကိုလည်း ထည့်သွင်းတွက်ချက်ရမှာဖြစ်တယ်လို့ ယုံကြည်တဲ့အတွက်ကြောင့် ဒီ လူနည်းစုလေး ကျေနပ်မှုမရှိတဲ့ဟာကို ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြပေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော့်တစ်ဦးချင်းရဲ့ ဆန္ဒအရကတော့ (၃၉.၉)သိန်းဆိုတာ အင်မတန်ထိုက်တန်တဲ့၊ လျော်ကန်သင့်မြတ် တယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီလောက်မရဘဲနဲ့၊ လျော်ကြေး မရဘဲနဲ့ သိမ်းဆည်းခံရတဲ့ လယ်တွေ၊ ယာတွေ ဒါမြန်မာနိုင်ငံတစ်ဝှမ်းမှာ အများအပြား ရှိပါတယ်။ ဒီအခုဟာက သိန်း(၄၀)လောက်ရတဲ့ဟာကို ၎င်းတို့(၅၂)ဦးအနေနဲ့ ကျေနပ်မှုမရှိဘူး။ မူလက သဘော တူထားတာတွေနဲ့ ကွဲလွဲလျက်ရှိပါတယ်လို့ ဒီအထိအောင် လာရောက်ပြီးတော့ တင်ပြတဲ့အတွက် ကျွန်တော်က ၎င်းတို့ကိုယ်စား မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးအောင်ထူး၊ (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်းမေတ္တာပို့သရင်းနဲ့ လေးစားစွာ ဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေကနေပြီးတော့ ငဖဲမြို့နယ်အတွင်း တရုတ်-မြန်မာ ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းမှုတွင် ပိုက်လိုင်းမြှုပ်နှံခြင်း၌ မြေစာပုံများပိ၍ ပျက်စီးသွားသော နှစ်ရှည်ပင်များအတွက် အပင်လျော်ကြေး ပေးအပ်ရမည့်အစား မြေဧကပေါ်မူတည်၍ တွက်ချက်ပေးလျော်ခြင်းသည် သင့်လျော်မှန်ကန်မှု ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် စွမ်းအင်

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး ကနေပြီး ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါ တယ်။ ဒီ တရုတ်-မြန်မာ ပိုက်လိုင်းဆိုတာ အရှေ့တောင်အာရှရေနံနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆိုတဲ့ ကျွန်တော်တို့ကနာမည်တပ်ထားပါတယ်။ အဲဒီ ပိုက်လိုင်းစီမံကိန်းဟာ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့ကိုဖြတ်သန်းသွားပါတယ်။ ပိုက်လိုင်းလမ်းကြောင်းက အကျယ်က မီတာ(၃၀) ရှိပါတယ်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်းရဲ့ အရှည်ကတော့ ကီလိုမီတာ (၇၉၀) ရှိပါတယ်။

ရေနံဓာတ်ငွေ့ပိုက်လိုင်းရဲ့ အရှည်ကတော့ (၇၇၀) ကီလိုမီတာအရှည်ရှိပါတယ်။ ပိုက်လိုင်းလမ်းကြောင်းများတစ်လျှောက်ကို အကျယ်မီတာ(၃၀)အား မြေယာနဲ့သီးနှံလျော်ကြေးပေးပြီး အမြဲတမ်းသိမ်းယူခဲ့ပါတယ်။ ပိုက်လိုင်းအတွက် အကျယ်မီတာ(၃၀)အတွင်းရှိ အပင်များအား လုပ်ငန်းမစမီကတည်းက အပင်ကိုရေတွက်ပြီးတော့ မြေယာသီးနှံလျော်ကြေး တွက်ချက်ပေးလျော်ခဲ့တာဖြစ်ပါတယ်။ အမြဲတမ်းသိမ်းယူမယ့် ဒီအခုနက ဒီတွက်ချက်ပေးလျော်ခဲ့တဲ့၊ အမြဲတမ်းသိမ်းယူခဲ့တဲ့နေရာများ အတွက်က သက်ဆိုင်ရာဒေသရှိပေါက်ဈေး သီးနှံရဲ့တန်ဖိုးရဲ့(၅)ဆနဲ့ မြေတန်ဘိုးကိုလည်းကောင်း၊ တကယ်လို့ ယာယီအသုံးပြုတဲ့ ဒီ(၃)နှစ်တာကာလ ပိုက်လိုင်းတည်ဆောက်မယ့်ကာလ (၃)နှစ်တာ အတွက်ကို ယာယီအသုံးပြုမယ့် မြေတွေအတွက်ကိုတော့ သီးနှံတန်ဖိုးရဲ့ (၃)ဆ၊ (၃)နှစ် ကျွန်တော်တို့ လုပ်တဲ့အတွက် (၃)ဆလျော်ပေးခဲ့ပါတယ်။ ပိုက်လိုင်းလမ်းကြောင်းမှာ အကျယ်မီတာ(၃၀)အပြင်ဖက် မြေကို ကျော်လွန် အသုံးပြုမှုတို့၊ မြေစာပိခြင်း၊ ရွှံ့ရည်ဝင်ခြင်းစတဲ့ ထိခိုက်မှုများအတွက် သက်ဆိုင်ရာ ဒေသရှိ သီးနှံများ၏ ကာလပေါက်ဈေးဖြင့် ပေးလျော်ခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်းများလည်း ဆောင်ရွက်ခဲ့ဖူးတာရှိပါတယ်။

ယခုမေးမြန်းထားတဲ့ ငဖဲမြို့နယ်အတွင်း ပိုက်လိုင်းတည်ဆောက်ရေး လုပ်ငန်းမှာ ကျွန်တော်တို့က တည်ဆောက်တဲ့ Sub- Contract လုပ်တဲ့ကုမ္ပဏီ (၂)ခုရှိပါတယ်။ တစ်ခုက တရုတ်ကုမ္ပဏီ CPP ဆိုတာ သူက (၁၀)ကီလိုမီတာ အရှည်ကို သူတည်ဆောက်ပါတယ်။ နောက်တစ်ခုက အိန္ဒိယကုမ္ပဏီ Punj Lioyd ဆိုတာ အရှည်မီတာ(၂၀)၊ ကီလိုမီတာ(၂၀)ကို ဆောင်ရွက်ခဲ့တဲ့ဟာ ဖြစ်ပါတယ်။ အဲဒီအပိုင်း(၂)ပိုင်းမှာ ဒီပိုက်လိုင်းတည်ဆောက်တဲ့ အချိန်မှာရှိတဲ့ မြေစာတွေဟာ မိုးတွင်းမှာ ဘေးကိုကျပြီးတော့ ဒါသီးနှံပျက်စီးခဲ့တဲ့ အခြေအနေလေးတွေကို ဖြစ်ပါတယ်။ အဲဒီတော့ ပထမအပိုင်းမှာ ပထမတရုတ်အပိုင်းပေါ့၊ ဒီ CPP ရဲ့အပိုင်းမှာ (၁၀)ကီလိုမီတာနဲ့အကျယ်က(၃၀)မီတာကို ကျွန်တော်တို့က အမြဲတမ်းမြေယာသီးနှံ လျော်ကြေးပေးသိမ်းတဲ့ခဲ့ မြေရဲ့တန်ဘိုးဟာ (၃၅. ၇) ကျပ်သန်းပေါင်း ဖြစ်ပါတယ်။ အခုအဲဒီနေရာမှာ၊ အခုအဲဒီနေရာရဲ့ ပတ်ဝန်းကျင်မှာ မြေစာကျတဲ့အတွက် ဒီဟာကို ကော်ဖီစိုက်ပျိုးမှု အပြည့်အဝစိုက်ထားပြီးတော့ ပေးရမယ်ဆိုပြီးတော့ ကျွန်တော်တို့ ခန့်မှန်းတွက်ချက်လိုက်တဲ့အခါမှာ ခုနကအမြဲတမ်းသိမ်းတဲ့ (၃၅)သန်းဆိုတာ သူကဒီဟာ (၁၃၅၃)သန်း ကျပ်ဆိုပြီးတော့ အဆပေါင်းများစွာ ခန့်မှန်းခဲ့တာဖြစ်ပါတယ်။ အလားတူပဲ အိန္ဒိယကုမ္ပဏီ Punj Lioyd လုပ်တဲ့ ကုမ္ပဏီမှာ ကီလိုမီတာ(၂၀)နဲ့ ပိုက်လိုင်းအကျယ် မီတာ(၃၀) အတွင်းမှာ အမြဲတမ်း သိမ်းတာ ကျွန်တော်တို့ မြေယာတန်ဘိုးဟာ ကျပ်သန်းပေါင်း(၁၃၀၀) ကျွန်တော်တို့ ပေးလျော်ပြီးတော့ သိမ်းခဲ့ပါတယ်။

အခုနောက်ပိုင်း ဒီအပေါ်မှာ မြေစာကျတဲ့အတွက် ဒီသီးနှံ၊ ကော်ဖီသီးနှံချည်းပဲ စိုက်တယ်ဆိုပြီးတော့ တွက်ချက်လိုက်တဲ့အခါကျတော့ သီးနှံထောက်ပံ့ကြေးက (၂၀၉၀)ကျပ်သန်း အဆပေါင်းများစွာ ခန့်မှန်းပြီးဖြစ်ပေါ်တာ ဒီနေရာမှာတင်ပြလိုတာကတော့ အဲဒီမြေတွေမှာ ယာအားလုံးဟာ

ကျွန်တော်တို့ သစ်တောကြိုးဝိုင်းမြေအတွင်းမှာ ကျရောက်ပြီးတော့ သေချာစွာ စနစ်တကျစိုက်ပျိုးထားခြင်းတွေလည်း မဟုတ်ပါဘူးဆိုတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ အခုဒီမြေစာကျလို့ ပြန်လျော်ကြေးပေးတာဟာ သူတို့ကို ထောက်ပံ့ကြေးပေးတာ ဖြစ်ပြီးတော့ ဒီမြေကြီးကို ကျွန်တော်တို့ သိမ်းမှာလည်းမဟုတ်ပါဘူး ဖြစ်ပါတယ်။ သို့ပါ၍ အမြဲသိမ်းဖြစ်တဲ့ ပိုက်လိုင်းလမ်းကြောင်းဧရိယာ လျော်ကြေးထက် သိမ်းယူခြင်းမပြုဘဲနဲ့ ပိုက်လိုင်းကို ပြင်ပမှာမြေစာကျပြီးတော့ ထောက်ပံ့ကြေးက အဆပေါင်းများစွာ များပြားနေတဲ့ အတွက်ကြောင့်မို့လို့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းက ကျွန်တော်တို့ စွမ်းအင်လုပ်ငန်းကိုတင်ပြတဲ့အတွက် စွမ်းအင်ဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကို မြေစာကျပ်ထောက်ပံ့ကြေးများ ပြန်လည် စိစစ်ပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားတဲ့အတွက် မကွေးတိုင်းဒေသ အစိုးရအဖွဲ့ကလည်း ပထမအကြိမ်မှာ မင်းဘူးခရိုင် အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကိုလည်းကောင်း၊ ဒုတိယတစ်ကြိမ်မှာ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးကိုလည်းကောင်း တာဝန်ပေးပြီး စိစစ်စေခဲ့ပါတယ်။

အဲဒီတော့ ဒီ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက နေပြီးတော့ မြေတိုင်းတာမှု ပြုလုပ်စဉ်က မြေစာကျဧရိယာအတွင်း အပင်စာရင်း မကောက်ထားနိုင်တဲ့အတွက်ကြောင့် ပထမအကြိမ် အပူပိုင်းစိမ်းလန်းစိုပြည်ရေး ခရိုင်စိစစ်ရေးအဖွဲ့က ပိုက်လိုင်းကြောင်းတိုင်းတာစဉ် သီးနှံစာရင်းအား တိုင်းတာရရှိတဲ့ မြေဧကပေါ်အခြေခံပြီး ကော်ဖီတစ်မျိုးတည်းသာ အပြည့်အဝတွက်ချက်ထားခဲ့ခြင်း၊ မြေစာများဖုံးလွှမ်းနေခြင်းအပြင် သီးနှံအမယ်ကလည်းများပြားခြင်း၊ သီးနှံတစ်မျိုးတည်းစနစ်တကျ စိုက်ပျိုးထားခြင်းမဟုတ်ဘဲ ရောနှောစိုက်ပျိုးထားခြင်းအတွက် စာရင်းကောက်ယူရန်ခက်ခဲခြင်း၊ တောင်သူများ ပေးတဲ့စာရင်းကိုသာလျှင် ရယူဆောင်ရွက်ခြင်းတို့ကြောင့် ပေးရမည့်နစ်နာကြေးများ သာမန်ထက်များပြားနေကြောင်း မင်းဘူးခရိုင် အပူပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကနေပြီးတော့ သုံးသပ်ခဲ့ပါတယ်။ အဲဒီတော့ ဒုတိယအကြိမ်အဖြစ် မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးက စိစစ်တဲ့အခါကျတော့ အခုန ကျွန်တော်တို့ မေးခွန်းရှင် ဦးလှဆွေ မေးသွားတဲ့အတိုင်းပါပဲ။ CPP အပိုင်းမှာ သီးနှံလျော်ကြေးကို ခုနက ခန့်မှန်းထားတဲ့ သီးနှံလျော်ကြေးထက် (၂၂)ရာခိုင်နှုန်းအထိ လျှော့ပေးတယ်။ နောက်ပြီးတော့မှ ဒီအိန္ဒိယအပိုင်းမှာ Punj Lloyd ကုမ္ပဏီရဲ့အပိုင်းမှာ (၃၀)ရာခိုင်နှုန်းလျှော့ပေးပြီးတော့ သီးနှံထောက်ပံ့ကြေးပေးပြီး တောင်သူတွေကနေပြီးတော့ ဒီမြေတွေကို စွန့်လွှတ်ပေးဖို့ဆိုပြီးတော့ သူက မကွေးတိုင်းကို အကြံပြုပြီးတော့ တင်ပြခဲ့ပါတယ်။

နောက်ပိုင်းမှာ ဒီခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကနေ စစ်ဆေးတွေ့ရှိချက်များအပေါ်၊ အကြံပြုချက်များအပေါ် မူတည်ပြီးတော့မှ ဒီမကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ကနေပြီးတော့ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းက သင့်တော်တဲ့အရာရှိတစ်ဦးကို တာဝန်ပေးပြီးတော့ ငဖဲမြို့နယ်ရဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးများ ပါဝင်တဲ့အဖွဲ့နဲ့ ပြန်ပြီးတော့ စစ်ဆေးပါဆိုပြီးတော့ အမိန့်ညွှန်ကြားချက်ပေးခဲ့ပါတယ်။ အဲဒီလို ညွှန်ကြားချက်ရတဲ့အချိန်မှာ ဒီမြေစာကျ သီးနှံထောက်ပံ့ကြေးပေးရမယ့်ငွေဟာ အမြဲတမ်းသိမ်းဆည်းတဲ့ ပိုက်လိုင်းလမ်းကြောင်း ဧရိယာသိမ်းဆည်းစဉ်ကထက် များစွာများပြားနေတဲ့အတွက်ကြောင့် ဒါတွေဟာ ကျွန်တော်တို့ သေသေချာချာ စိစစ်ဖို့လိုအပ်တဲ့အတွက် မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းက ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်တိုင်ဦးစီးပြီးတော့ ဒီမြေပြင်ကို ကွင်းဆင်းခဲ့တဲ့အဖွဲ့တွေနဲ့ နောက်ပြီးမူလ မြေသိမ်းစဉ်က အပြီးအပိုင်သိမ်းမယ်ဆိုတဲ့ မြေကိုသိမ်းစဉ်က မြေယာသီးနှံလျော်ကြေး အဖွဲ့ဝင်၊ အဖွဲ့တွေနဲ့ ညှိနှိုင်းပြီးတော့

သီးနှံထောက်ပံ့ကြေးပေးနိုင်ရေးကို စီမံခဲ့တာဖြစ်ပါတယ်။ မူလမြေယာ သီးနှံလျော်ကြေးအဖွဲ့က ဆိုတာက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်းမှူး၊ မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ၊ စွမ်းအင်ဝန်ကြီးဌာန ကိုယ်စားလှယ်နဲ့ သက်ဆိုင်ရာကုမ္ပဏီက ကိုယ်စားလှယ်တစ်ဦးပါတဲ့ အဖွဲ့ဖြစ်ပါတယ်။

ဒီဦးဆောင်ညွှန်ကြားရေးမှူးဟာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှာ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမှာ ငဖဲမြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖများနဲ့ လည်းကောင်း၊ အဲဒီနေ့မှာပဲ မင်းဘူးမြို့နယ်အနီးမှာရှိတဲ့ မန်းရေနံမြေဧည့်ရိပ်သာမှာ မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူးနှင့် လည်းကောင်း၊ နောက်တစ်နေ့ ဇန်နဝါရီလ ၃၀ ရက်နေ့၊ ၂၀၁၄ မှာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနဲ့လည်းကောင်း မြေစာကျသီးနှံထောက်ပံ့ကြေးပေးရေး ကိစ္စကိုလည်း ညှိနှိုင်းဆွေးနွေး ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ဆုံးဖြတ်ချက်ချခဲ့တာကတော့ ငဖဲမြို့နယ်မှာ မြေယာဈေးနှုန်းက အပင်စိုက်ပျိုး ထားခြင်းမရှိတဲ့ ကျောက်ကုန်းမြေတွေမှာ တစ်ဧကကျပ်(၃)သိန်း တန်ဖိုးရှိပါတယ်။ အပင်စိုက်ပျိုး ထားခြင်းမရှိတဲ့ ကောင်းမွန်တဲ့မြေမှာ တစ်ဧကကို(၁၀)သိန်း တန်ဖိုးရှိပါတယ်။ အပင်များကောင်းစွာ စိုက်ပျိုးဖြစ်ထွန်းသည့် စီးပွားဖြစ်ခြံမြေရဲ့ ဈေးနှုန်းကတော့ တစ်ဧကကို သိန်း(၄၀)ဖြစ်ကြောင်း စုံစမ်း တွေ့ရှိရတယ်။ အဲဒါတွေကို အခြေခံပြီးတော့မှ ကျွန်တော်တို့ မြေတွေကို လုံးဝသိမ်းယူမည် မဟုတ်တဲ့ အတွက် မြေစာကျပျက်စီးသီးနှံ ထောက်ပံ့ကြေးပေးနိုင်ရန်အလို့ငှာ ဒေသခြံမြေ အရောင်းအဝယ် ပေါက်ဈေး တစ်ဧက(၃၉.၉၃)သိန်းဖြင့် ထောက်ပံ့ကြေးပေးရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။

သို့ပါ၍ မြေစာများပိ၍ ပျက်စီးသွားတဲ့အပင်များအတွက် မြေစာအောက်ရှိ အပင်များအား ရေတွက်နိုင်ခြင်းမရှိခြင်း၊ မြေကိုလည်း အပြီးအပိုင်သိမ်းယူခြင်း မဟုတ်တဲ့အတွက် အပင်လျော်ကြေး ပေးရမယ့်အစား ဒေသတွင်း အရောင်းအဝယ်ဖြစ်နေတဲ့ စီးပွားဖြစ်ခြံမြေ တစ်ဧကပေါက်ဈေးနှုန်း အပေါ်မူတည်၍ ထောက်ပံ့ကြေးပေးရခြင်းဖြစ်ပါကြောင်းသာ သင့်လျော်မှုရှိပါကြောင်းကို ရှင်းလင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၅၆)နာရီတွင် ရပ်နားပြီး (၁၁း၁၁)နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁း၁၁။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာအကြားရှိ တိမ်ကောနေသော သုခမြိုင်ချောင်းကို ပြန်လည်တူးဖော် ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင် က ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာအကြားရှိ တိမ်ကောနေသော သုခမြိုင်ချောင်းကို ပြန်လည်တူးဖော်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးမင်းလွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းလွန်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တိမ်ကောနေသော သုခမြိုင်ချောင်းကို ပြန်လည်တူးဖော်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာအကြားရှိ သုခမြိုင်ချောင်းသည် တိမ်ကောလျှက်ရှိနေပါတယ်။ လယ်သမား (၆၃)ဦးတို့မှ ကျွန်တော်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ထံ တိမ်ကောနေသောချောင်းကို တူးဖော်ရှင်းလင်းနိုင်ရန် အကူအညီတောင်းခံလာပါတယ်။ ၎င်းချောင်းတိမ်ကောနေသောကြောင့် (၁)မိုးတွင်းအခါတွင် ရွာကျလာသည့် မိုးရေများအထရံမြစ်ထဲသို့ စီးဆင်းရခက်ပါတယ်။ လယ်မြေများတွင် ရေလျှံမှုများ ဖြစ်နေ၍ လယ်လုပ်ရခက်ပါတယ်။ (၂) နွေအခါအထရံမြစ်မှ တက်ရေစီးဝင်ရခက် ပါတယ်။ လယ်မြေများတွင် စိုက်ပျိုးထားသော စပါးများရေခန်းခြောက်ခံရပြီး စပါးအထွက်နိမ့်ကျခဲ့ ရပါတယ်။ ၎င်းချောင်း၏အရှည်မှာ (၃)ဖာလုံခန့် ရှည်လျားပါတယ်။ လယ်မြေဧက(၆၀၀)ကျော်ကို အကျိုးပြုနိုင်ပါတယ်။ ဒါကြောင့်တိမ်ကောနေသော သုခမြိုင်ချောင်းကို ပြန်လည်တူးဖော် ရှင်းလင်းပေးရန် အစီအစဉ်ရှိ၊ မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့တွင် အစိုးရမှ ခွင့်ပြုချက်ချမှတ်ပေးထားသော အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် တင်ဒါစနစ်ဖြင့် ခေါ်ထားသော်လည်း အောင်မြင်သော တင်ဒါသည် ပွင့်လင်းမြင်သာမှု ရှိ/မရှိကိုလည်းကောင်း၊ တင်ဒါခွင့်ပြုသည့် လုပ်ငန်းသည် ဝန်ကြီးချုပ်တစ်ဦးတည်း၏ လုပ်ပိုင်ခွင့် ရှိ/မရှိကိုလည်းကောင်း သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်၊ ဟားခါးမြို့တွင် အစိုးရမှ ခွင့်ပြုချက်ချမှတ်ပေးထားသော အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် တင်ဒါစနစ်ဖြင့် ခေါ်ထားသော်လည်း အောင်မြင်သော တင်ဒါသည် ပွင့်လင်းမြင်သာမှု ရှိ/မရှိကိုလည်းကောင်း၊ တင်ဒါခွင့်ပြုသည့်လုပ်ငန်းသည် ဝန်ကြီးချုပ်တစ်ဦးတည်း၏ လုပ်ပိုင်ခွင့်ရှိ/မရှိ ကိုလည်းကောင်း သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ကျွန်တော် ဦးစတီဗင်သာဘိတ် အနေနဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ အစိုးရမှ ခွင့်ပြုချက်ချမှတ်ပေးထားသော အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် တင်ဒါစနစ်နဲ့ ခေါ်ထားသော်လည်း အောင်မြင်သော တင်ဒါသည် ပွင့်လင်းမြင်သာမှု ရှိ/မရှိကိုလည်းကောင်း၊ တင်ဒါခွင့်ပြုတဲ့လုပ်ငန်းသည် ဝန်ကြီးချုပ်တစ်ဦးတည်း၏ လုပ်ပိုင်ခွင့်ရှိ/မရှိ ကိုလည်းကောင်း သိရှိလိုခြင်းနဲ့ ပတ်သက်လို့မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် ဟားခါးမြို့မှာ အဆောက်အဦ(၁၅)ခု တည်ဆောက်ရန် အတွက် တင်ဒါစနစ်ဖြင့် ပြုလုပ်ရန် တင်ဒါများခေါ်ယူခဲ့ပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့မှာ ချင်းပြည်နယ်အစိုးရဝန်ကြီး ဦးဇော်မင်းဦးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အခြားဝန်ကြီးများ အဖွဲ့ဝင် အဖြစ်ဆောင်ရွက်ကြကြောင်း၊ ၎င်းအဖွဲ့မှ စီစဉ်မှုအပေါ် တင်ဒါအောင်မြင်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များသည် ဒေသခံကုမ္ပဏီများအပါအဝင် မျှမျှတတနဲ့ခွဲဝေချထားသော်လည်း ညနေပိုင်းတွင် ၎င်းတင်ဒါ အဖွဲ့ဝန်ကြီးချုပ်တို့၏ ဆုံးဖြတ်ချက်ချထားပေးမှုကို အားလုံးပယ်ဖျက်ပြီး ဝန်ကြီးချုပ်တစ်ဦးတည်း သဘောဖြင့် ဒေသခံကုမ္ပဏီ(၃)ဖွဲ့များ လုံးဝမပါဝင်ဘဲ ဒေသတိုင်းရင်းသားမဟုတ်သော သို့မဟုတ် ဟားခါးမြို့ပေါ်ရှိဒေသခံ မဟုတ်သော အောက်ပြည်အောက်ရွာမှ ကုမ္ပဏီ(၄)ခုကို လုပ်ငန်း(၁၅)ခု စလုံး လုပ်ငန်းတင်ဒါအောင်တဲ့သဘောဖြင့် ဗီတိုအာဏာသုံးပြီး ဆောင်ရွက်မှုကို ဒေသခံကုမ္ပဏီများ ရော၊ ပြည်သူလူထုအပါအဝင်၊ ကျေနပ်မှု မရှိကြကြောင်းကိုကြားသိရပါတယ်။ ၎င်းဒေသခံမဟုတ်သော ကုမ္ပဏီတစ်ခုမှာ ယခု ပြည်နယ်လွှတ်တော်ရုံး တည်ဆောက်နေဆဲ ရှိသောလုပ်ငန်းကို ကုမ္ပဏီဖြစ် ကြောင်းသိရပါတယ်။ လုပ်ငန်းကို အထပ်ထပ်အခါခါချပေးတဲ့ သဘောဖြစ်နေပါတယ်။ တင်ဒါတင် ထားသော ကုမ္ပဏီများသည် ဒေသခံကုမ္ပဏီ(၃)ခု၊ အောင်မြင်သောအခြားခြားကုမ္ပဏီ(၄)ခုနှင့် တင်ဒါ မအောင်မြင်သော ဒေသခြားကုမ္ပဏီလည်း ရှိနေသေးကြောင်း သိရပါတယ်။

ကျွန်တော်တို့ချင်းပြည်နယ်သည်ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးပြည်နယ်၊ အဆင်းရဲဆုံး ပြည်နယ်လို့ နိုင်ငံတော်က ပြောပြောနေတဲ့အချိန်မှာ ဒီဆင်းရဲနွမ်းပါးမှုကို နည်းမျိုးစုံဖြင့် လျှော့ချခြင်း လုပ်ငန်းသည် ချင်းပြည်နယ်အစိုးရအပေါ်မှာ မူတည်နေကြောင်း၊ ချင်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲမှု ညံ့ဖျင်းလျှင်သော်လည်းကောင်း၊ ကိုယ်ကျိုးအတွက်သာ ဦးစားပေးလျှင်သော်လည်းကောင်း၊ ချင်းပြည်နယ်လူထုဆင်းရဲနွမ်းပါးမှုနွံထဲမှ ထွက်လာနိုင်မည်မဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရရော၊ ချင်းပြည်နယ်အစိုးရကပါသိသင့်ပြီး ပထမဦးစားပေးဖြစ်သင့်ပါသည်ဟု အလေးအနက် ယုံကြည်ပါတယ်။ သို့သော် ယခု ဟားခါးမြို့ပေါ်မှာ ဆောက်လုပ်ရန်ရှိသော လုပ်ငန်း(၁၅)ခုအပေါ်ဒေသခံကုမ္ပဏီများအား လုပ်ငန်းချမှတ်ပေးမှုမရှိခြင်းသည် အလွန်ဝမ်းနည်းဖွယ်ရာကောင်းပြီး ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်နေပါသည်ဟု ဆိုသောစကားလုံးသည် စာရွက်ပေါ်မှာသာရှိပြီး အာဏာရှင်အုပ်ချုပ်ရေးစနစ်သည် ရှိမြဲ၊ တည်နေမြဲရှိနေပါကြောင်း သုံးသပ်ရပါတယ်။ ဒီအဆောက်အဦ ဆောက်လုပ်သော လုပ်ငန်းသည် ကျွန်တော်တို့ ချင်းလူမျိုးတစ်စု၊ အလုပ်သမားတစ်စု တိုးတက်ကြီးပွားရန် အထောက်အကူပြုသော လုပ်ငန်း၊ ဆင်းရဲ နွမ်းပါးမှုကို အထောက်အကူပြုသော လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။

ဒေသခံကုမ္ပဏီများအပါအဝင် အလုပ်လုပ်နေသော နေ့စားအလုပ်သမားများသည် ဆင်းရဲနွမ်းပါးမှု နွံထဲမှဆွဲထုတ်ရန် နိုင်ငံတော်အစိုးရကသိသင့်သလို ပြည်နယ်အစိုးရဝန်ကြီးချုပ်ကလည်း သိသင့်ပါတယ်။ အခြားလူမျိုးခြားကုမ္ပဏီများကို မချပေးရန်မဆိုလိုပါ။ သို့သော် မျှမျှတတနဲ့ ဖြစ်နိုင်ရင် ဒေသခံများကို ဦးစားပေးရေးဟာ အဓိကဖြစ်နေပါတယ်။ ဒေသခံကုမ္ပဏီများကိုလည်း မြှောက်စားအားပေးရန်လိုအပ်ပါတယ်။ ဒေသခံမဟုတ်သောကုမ္ပဏီများသည် မိမိဒေသတွင် လုပ်ငန်းဆောင်ရွက်ရန် ပိုမိုများပြားသောဒေသဖြစ်မည်ကို ယုံကြည်ရပါတယ်။ ဒေသအလိုက်လုပ်ငန်း ဖော်ထုတ်ပေးရာတွင် ၎င်းဒေသများကသာ ခံစားပိုင်ခွင့်ရှိကြောင်းကို စဉ်းစားပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃/၂၀၁၄ ခုနှစ်လုပ်ငန်းများ တင်ဒါခေါ်ယူမှုသည် ဗဟိုအစိုးရမှ ခေါ်ယူချပေးထားသောကြောင့် အဆင်မပြေတာတွေ မြောက်များစွာရှိနေသဖြင့် လွှတ်တော်မှာ အကြိမ်ကြိမ် ဝေဖန်မှုများစွာ ရှိခဲ့ပါတယ်။ သို့သော် ယခု ၂၀၁၄/၂၀၁၅ ခုနှစ်မှာ ပြည်နယ်၊ တိုင်း အစိုးရထံ တင်ဒါစနစ်ကိုလွှဲပြောင်းပေးသဖြင့် ဝမ်းသာစွာကြိုဆိုပါသော်လည်း ကျွန်တော်တို့ ချင်းပြည်နယ်မှာ ယခုလိုပြုလုပ်ခြင်းသည် ယခင်အာဏာရှင်စနစ် ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်နေကြောင်းကို ထင်ထင်ရှားရှား မြင်နေရပါတယ်။ ဒီအချိန်အခါမှာ မဖြစ်သင့်တော့ပါကြောင်းနှင့် လိုအပ်သလို ပြန်လည်ပြုပြင်ဆုံးဖြတ်ပေးရေးအတွက် ဗဟိုမှလမ်းညွှန်မှု ဆောင်ရွက်ပေးသင့်ပါကြောင်း ကျွန်တော် ထင်မြင်ယူဆရပါတယ်။ လုပ်ငန်းစီမံကိန်းတိုင်းမှာ မတရားမှုကို တရားသောနည်းလမ်းဖြင့် ပြုပြင်ပါက ချင်းပြည်နယ်တစ်ခုလုံး စိတ်ချမ်းသာမှုတိုးတက်မှုရှိမည်ဟု ယုံကြည်ရပါတယ်။ ယခုလုပ်ငန်းသည် ကျွန်တော်တို့ ချင်းပြည်နယ် ဟားခါးမြို့ပေါ် ဒေသခံကုမ္ပဏီများအတွက် အခွင့်အရေးတစ်ရပ်လို့ ရှုမြင်ကြပါသော်လည်း ဒီအခွင့်အရေးဆုံးရှုံးခဲ့ခြင်းကြောင့် စိတ်မကောင်းဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို မေးမြန်းရပါတယ်။ (၁) ချင်းပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်ရာမှာ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဖွဲ့စည်းထားမှု ရှိ၊ မရှိ။ (၂) ရှိပါက ဘယ်ပုဂ္ဂိုလ်တို့နဲ့ဖွဲ့စည်းခြင်းကို သိရှိလိုကြောင်း။ (၃) မရှိပါက ပြည်နယ်ဝန်ကြီးများထဲမှ ဥက္ကဋ္ဌတာဝန်ယူပြီး ဝန်ကြီးအဖွဲ့အနေနဲ့ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့်ရွေးချယ်ပိုင်ခွင့် ရှိ၊ မရှိ။ (၄)ပြည်နယ်အစိုးရဝန်ကြီးအဖွဲ့မှ ရွေးချယ်မှု ပြုလုပ်ပြီးသော ဆုံးဖြတ်ချက်အား ဝန်ကြီးချုပ်တစ်ဦးတည်းမှ ပယ်ဖျက်ပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်နှင့် တာဝန်ပေးပိုင်ခွင့်နှင့် ဗီတို

အာဏာသုံးပိုင်ခွင့်ရှိ၊ မရှိ။ (၅)ရှိပါကဒီမိုကရေစီဆိုသော တင်ဒါစိစစ်ရေးအဖွဲ့သည် စာရွက်ပေါ်မှာ သာရှိပြီး အာဏာရှင်စနစ်သာ ကြီးစိုးနေရဆဲဖြစ်သည်ဟု သုံးသပ်ပြီး တင်ဒါအောင်မြင်သော ပုဂ္ဂိုလ်များကို ဘယ်လိုစနစ်နဲ့ ရွေးချယ်ထားရသည်ကို ပွင့်လင်းမြင်သာမှု ရှိဖို့ရန်အတွက် ကုမ္ပဏီ အပါအဝင် ပြည်သူလူထုများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ်ပွဲကျေးရွာ အုပ်ချုပ်ရေးမှူးကို အပြစ်မရှိဘဲ ထုတ်လိုက်သည့်ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ်ပွဲကျေးရွာ အုပ်ချုပ်ရေးမှူးကို အပြစ်မရှိဘဲ ထုတ်လိုက်သည့်ကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီးများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌရဲ့ခွင့်ပြုချက်အရ ယခု ကျွန်တော်မေးမယ့် မေးခွန်းကတော့ ယခု သံဖြူဇရပ်မြို့နယ်၊ ကရုပ်ပွဲကျေးရွာ အုပ်ချုပ်ရေးမှူးသည် တစ်စုံတစ်ရာ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ အထုတ်ခံရသောကိစ္စ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရုပ်ပွဲကျေးရွာသည် ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ အများသဘောဆန္ဒအရ ရွေးချယ်ထားသော အုပ်ချုပ်ရေးမှူးသည် အသက်(၃၀)ကျော်ခန့်ရှိ ဘွဲ့ရလူငယ်တစ်ဦးဖြစ်ပါတယ်။ ကရုပ်ပွဲကျေးရွာကို ဖွံ့ဖြိုးတိုးတက်အောင် အုပ်ချုပ်နိုင်သူတစ်ဦး ဖြစ်ပါတယ်။ သို့သော်လည်း ကရုပ်ပွဲကျေးရွာ၏ ခေတ်အဆက်ဆက်က သြဇာညောင်းခဲ့သော ဆရာတော်ဘုန်းကြီးတစ်ပါးဖြစ်သော ဘဒ္ဒန္တလင်္ကာရဒါနဘုန်းကြီးတစ်ပါး ဖြစ်ပါတယ်။ ရပ်ရေးရွာရေးကိစ္စ မှန်သမျှကို ဘုန်းကြီးနှင့် ညှိနှိုင်းပြီးမှသာ လုပ်ဆောင်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကရုပ်ပွဲရွာ၏ဖြစ်ပေါ်နေသော ပြဿနာမှာ ဘုန်းကြီးမှစသော ပြဿနာဖြစ်ပါတယ်။ တစ်ရွာလုံးမီးလင်းရေးကော်မတီမှ ကောက်ခံရရှိထားသော ရန်ပုံငွေကို ဘုန်းကြီးထံအပ်နှံထားရပါတယ်။ ရွာမီးလင်းပြီးပိုနေသော ကျေးရွာရန်ပုံငွေကို ဘုန်းကြီးက ထိန်းထားပါတယ်။ ၎င်းအပြင်ရွာအစီအစဉ်အရ သတ်မှတ်ထားသော မီတာကြေးကို ပိုကောက်ထားပြီး ကျေးရွာရန်ပုံငွေအတွက် ဘုန်းကြီးကပင်ထိန်းသိမ်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာ၏ မီးကာကွယ်ရေးအတွက် မီးသတ်ကားတစ်စီးကိုလည်း ဘုန်းကြီးအစီအစဉ်ဖြင့် ဝယ်ထားပါတယ်။ နှစ်ကြာသောအခါ မီးသတ်ယာဉ်အဟောင်းကိုကျပ် (၂၅)သိန်းနှင့်ရောင်းရန် သဘောတူခဲ့ကြပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ (၂၆)သိန်းနှင့်ရောင်းပြီး ကျပ်(၂၅)သိန်းကို ဘုန်းကြီးထံအပ်နှံပါတယ်။ ပိုသောငွေ

(၁)သိန်းကို ဘုန်းကြီးထံခွင့်ပန်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအတွက် အသုံးပြုပါတယ်။ ဘုန်းကြီးကလည်း သဘောတူပါတယ်။

၂၁-၄-၂၀၁၄ ရက်နေ့တွင် ကျေးရွာမီးလင်းရေးအဖွဲ့မှ အစည်းအဝေးထိုင်ရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက ယခင်မီးလင်းရေး ရန်ပုံငွေလက်ကျန်နှင့် မီတာကြေးပိုကောက်ထားသော ငွေစာရင်းကို ရှင်းတမ်းထုတ်ပေးရန် ဘုန်းကြီးထံတင်ပြလျှောက်ထားရာ ဘုန်းကြီးက အလွန်ဒေါသထွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးကို မီးသတ်ကားရောင်းရငွေကို တစ်သိန်းယူထားသောကိစ္စကို အပြစ်ဖို့၍ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖြုတ်ပစ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးက ကရုပ္ပိကျေးရွာကိစ္စ စုံစမ်းစစ်ဆေးရန်အတွက် ဌာနဆိုင်ရာအကြီးအကဲ(၃)ဦးကို တာဝန်ပေးလိုက်ပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ မပြောပလောက်သော အပြစ်ဖြစ်သောကြောင့် မဖြုတ်သင့်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြပါတယ်။ သို့သော်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးက အပြစ်ရှိကြောင်း၊ ဖြုတ်သင့်ကြောင်းကို ဌာနဆိုင်ရာ(၃)ဦးအား လက်မှတ်ထိုးခိုင်းရပြီး ခရိုင်အုပ်ချုပ်ရေးမှူးသို့ တင်ပြလိုက်ပါတယ်။ ထို့ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပိုင်းကို မဆိုင်သော ဘုန်းကြီးကဝင်ရောက်စွက်ဖက်သဖြင့် အရည်အချင်းရှိသော ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက် နစ်နာဆုံးရှုံးရသောကြောင့် ကရုပ္ပိကျေးရွာအုပ်ချုပ်ရေးမှူးကို ပြန်ခန့်ရန်အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ပြန်ခန့်မည်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၃။**

**ဦးအောင်သိမ်း၊ (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီးဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးမင်းလွန်းအောင် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါ တယ်။

ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာအကြားမှာရှိတဲ့ တိမ်ကောနေတဲ့ သုခမြိုင်ချောင်းကို ပြန်လည်တူးဖော်ရှင်းလင်းပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး မွန်ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကော့ဝမ်း-အတ္တရံမြောင်း ပြန်လည်တူးဖော်ခြင်း၊ ဖာဘောင်ချောင်းနှင့် ချောင်းလက်တက်တူးဖော်ခြင်း၊ ကော့ဘွိုး-ကျိုက်ပရံမြောင်း ပြန်လည်တူးဖော်ခြင်းစတဲ့လုပ်ငန်း(၃)ခုကို ၂၀၁၄ ခုနှစ်မေလတွင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ လာမည့် ပွင့်လင်းရာသီတွင်မှာလည်း ကျိုက်မရောမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ကော့ဒွန်း-

ဒေါနွတ်ဆက်သွယ်မြောင်း၊ ကော့ကလော့-မဲကသန်ဆက်သွယ်မြောင်း၊ ဖာသိမ်ပင်မမြောင်းနှင့် ဦးလေးမြောင်းတူးမြောင်း၊ ကျူသင်ချောင်း၊ ခြိကုန်းမြောင်း၊ ဧမြေသာစည်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

နိုင်ငံတော်သမ္မရုံးသို့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်ကျိုက်မရောမြို့နယ် အတ္တရံမြစ်ရေကြီးရေလျှံကာကွယ်ရေးအတွက် ရေနုတ်မြောင်း (၁၉)မြောင်းဖြစ်တဲ့ အိပ်ဖဲ့-အုတ်ဖို ဆက်သွယ်မြောင်း၊ ကျုံဖဲမြောင်း၊ နတ်စမ်းတူးမြောင်း၊ နောင်လုံတူးမြောင်း၊ နောင်လုံ-ခနောင် ဆက်သွယ်မြောင်း၊ ကျုံကရင်-မာလကာချောင်း၊ ဖနုံလေးမြောင်း၊ ဖနုံကြီးချောင်း၊ မဲကသန်-ဥတို ဆက်သွယ်မြောင်း၊ ဘီလို-နီတုံ ဆက်သွယ်မြောင်း၊ ကော့ကလော့-ကျွန်းရွာလမ်း ဆက်သွယ်မြောင်း၊ ကော့ဒွန်း-အတ္တရံ ဆက်သွယ်မြောင်း၊ နွားလမ်းရိုး-အတ္တရံမြစ် ဆက်သွယ်မြောင်း၊ မကျီးရိုးမြောင်း၊ ကော့ဘီ-ကော့ဝမ်းဆက်သွယ်မြောင်း၊ ကော့ဘီး-တရနာ ဆက်သွယ်မြောင်း၊ အလှပ်ကုန်း-ကော့ဝမ်းမြောင်း၊ ရဲချောင်း၊ စပယ်ဂူလမ်းလက်ယာမြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၏ ခွင့်ပြုရန်ပုံငွေအဖြစ် သီးသန့်ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ဖြစ်ပါသဖြင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပါမည်။

ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာအကြားမှာရှိ တိမ်ကောနေသော သုခမြိုင်ချောင်း ပြန်လည်တူးဖော်ခြင်းကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ တင်ပြတောင်းခံပြီး ပြည်နယ်ရန်ပုံငွေနှင့် စက်ယန္တရားရရှိမှုအပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတိဗင်သာဘိတ် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဟားခါးမြို့မှာ အစိုးရမှ ခွင့်ပြုချက်ချမှတ်ပေးထားသော အဆောက်အဦများ ဆောက်လုပ်ရန်အတွက် တင်ဒါစနစ်ဖြင့် ခေါ်ယူထားသော်လည်း အောင်မြင်သော တင်ဒါသည် ပွင့်လင်းမြင်သာမှု ရှိ၊ မရှိကိုလည်းကောင်း၊ တင်ဒါခွင့်ပြုသည့် လုပ်ငန်းသည် ဝန်ကြီးချုပ်တစ်ဦးတည်း၏ လုပ်ပိုင်ခွင့် ရှိ၊ မရှိကိုလည်းကောင်း သိရှိလိုသည့်မေးခွန်းနဲ့ပတ်သက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုချက်နဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ် နေအိမ်စုစုပေါင်း(၁၅)လုံးအား ဆောက်လုပ်ရန် ရန်ပုံငွေများခွဲဝေချထားပေးခဲ့ပါတယ်။

အဆိုပါ လုပ်ငန်းများအား နိုင်ငံတစ်ဝန်းလုံးမှ စိတ်ပါဝင်စားတဲ့ ဆောက်လုပ်ရေး လုပ်ငန်းရှင်များသိရှိရန် နိုင်ငံပိုင်သတင်းစာများမှာ ကြော်ငြာများထည့်သွင်းကြော်ငြာခဲ့ပါတယ်။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၇-၄-၂၀၁၄ ရက်နေ့မှ စတင်ရောင်းချခဲ့ပြီးတော့ ၁၆-၅-၂၀၁၄ ရက်နေ့မှာ တင်ဒါလျှောက်လွှာပိတ်ခဲ့တဲ့အခါမှာ သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့ခဲ့သော ကုမ္ပဏီမှာ(၉)ခု ရှိပါတယ်။

ချင်းပြည်နယ်အတွင်း ဆောင်ရွက်မယ့် လုပ်ငန်းများကို တင်ဒါခေါ်ယူ ဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေး လုပ်ငန်းကော်မတီ၊ တင်ဒါ စိစစ်ရေးကော်မတီ၊ ပြည်နယ်

ဆောက်လုပ်ရေးနဲ့ အရည်အသွေးစစ်ဆေးရေးကော်မတီများအား ဖွဲ့စည်းထားရှိပါတယ်။ ချင်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နေအိမ်များ အတွက် သတ်မှတ်ရက်အတွင်း အချိန်မီ ပေးပို့တဲ့ ကုမ္ပဏီ(၉)ခုကို လုံခြုံရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးမှ ဦးဆောင်ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ် အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးနဲ့ ပြည်နယ်ဦးစီး မှူး၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်တဲ့ တင်ဒါစိစစ်ရေး ရွေးချယ်ရေးကော်မတီမှ အစည်း အဝေး ဆုံးဖြတ်ချက်နဲ့ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ထိုကဲ့သို့စိစစ်ရွေးချယ်ရာမှာ ဒေသခံကုမ္ပဏီများဖြစ်တဲ့ ရုန်းမိသားစုကုမ္ပဏီလီမိတက်၊ Mercy ကုမ္ပဏီ၊ Alpha & Omega ကုမ္ပဏီ၊ ဒေသခံ ကုမ္ပဏီများမဟုတ်တဲ့ Delta Pride ကုမ္ပဏီ တို့ရဲ့ တင်ပြပါ ကုမ္ပဏီရဲ့ Profile များအရ လုပ်ငန်းကျွမ်းကျင်မှု အင်ဂျင်နီယာနည်းပါးခြင်း၊ အဆောက် အဦဆောက်လုပ်မယ့် စက်ယန္တရားနည်းပါးခြင်း၊ အဆောက်အဦဆောက်လုပ်မှုဆိုင်ရာ လုပ်ငန်းအတွေ့ အကြုံနည်းပါးခြင်း၊ ဒေသတွင်းလူနေအိမ်များ၊ ရုံးအဆောက်အဦငယ်များကိုသာ ဆောက်လုပ်ခဲ့တဲ့ အတွေ့အကြုံရှိခြင်း၊ အရည်အသွေးမီ စံချိန်မီ မဆောက်လုပ်နိုင်ခြင်း၊ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာ မရှိခြင်းတို့ကြောင့်၊ အဆောက်အဦကြီးများ ဆောက်လုပ်နိုင်ခြင်း မရှိ၍ သင့်လျော်တဲ့ အဆောက်အဦ များကိုသာ ဒေသခံပြည်သူများအား ချပေးခြင်း ဖြစ်ပါတယ်။

ယခု အဆောက်အဦများ ဆောက်လုပ်ရန် ဖွဲ့စည်းမှုမှာ ကျွမ်းကျင်တဲ့ အင်ဂျင်နီယာများ မရှိခြင်း၊ အတွေ့အကြုံ နည်းပါးခြင်းတို့ကြောင့် ချင်းပြည်နယ် ပြည်နယ်အစိုးရအဖွဲ့အစည်းဝင် ပုဂ္ဂိုလ် များရဲ့ နေအိမ်များကို ဆောက်လုပ်ရန် ရွေးချယ်မှု မပြုခြင်းဖြစ်ပါတယ်။ သို့ရာတွင် ဒေသခံ ကုမ္ပဏီများ ဆောက်လုပ်နိုင်မယ့် လုပ်ငန်းများဖြစ်တဲ့ ကျောင်းဆောက်လုပ်ခြင်း၊ အသေးစားလမ်းတံတားလုပ်ငန်း များ၊ ဒေသအတွင်းဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း လုပ်ငန်းများအား ခွင့်ပြု ဆောက် လုပ်စေခြင်းဖြင့် ဒေသခံကုမ္ပဏီများအလုပ်အကိုင်ရရှိခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်း ကျွမ်းကျင်မှုအတွေ့အကြုံ ရရှိစေရေးအတွက်ကို စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ တင်ဒါ စိစစ် ရွေးချယ်ခံရတဲ့ ကုမ္ပဏီများသည် ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ ပေါ်များခြင်း၊ အဆောက်အဦ ဆောက်လုပ်ရန် စက်ယန္တရားပြည့်စုံခြင်း၊ မြန်မာနိုင်ငံ အနှံ့အပြားမှာ လူနေအိမ်၊ အစိုးရအဖွဲ့အစည်း ဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်မှု အတွေ့အကြုံများတဲ့ ကုမ္ပဏီများဖြစ်ပါတယ်။ ကုမ္ပဏီများ စိစစ်ရွေးချယ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ်ရဲ့ စီမံချက်၊ ဆုံးဖြတ်ချက်များနဲ့ ရွေးချယ်ခြင်းမဟုတ်ဘဲ တင်ဒါစိစစ်ရေးကော်မတီမှ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ခြင်း ဖြစ်ပါတယ်။ တင်ဒါ စိစစ် ရွေးချယ်ရေးကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ စိစစ်ရွေးချယ် တင်ပြလာတဲ့ ကုမ္ပဏီများကို ပြည်နယ်ဝန်ကြီးချုပ်မှ ထပ်မံအတည်ပြုရွေးချယ်ပါတယ်။

ထို့အပြင် တင်ဒါ အောင်မြင်တဲ့ ကုမ္ပဏီများအား တင်ဒါ စိစစ်ရွေးချယ်ရခြင်းနဲ့ ပတ်သက်ပြီး ကုမ္ပဏီ (၉) ခုရဲ့ တာဝန်ရှိပုဂ္ဂိုလ် ရှေ့မှောက်မှာ ရှင်းလင်း ချပြ အသိပေးမှု ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ တင်ဒါစိစစ်ရေးကော်မတီမှ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တင်ပြတဲ့ တင်ဒါ အောင်မြင်တဲ့ ကုမ္ပဏီများအား ပြည်နယ်အစိုးရအဖွဲ့အစည်းမှ အတည်ပြုခြင်း ဖြစ်ပါတယ်။ တင်ဒါ ခွင့်ပြုသည့်

လုပ်ငန်းသည် ပြည်နယ်ဝန်ကြီးချုပ် တစ်ဦးတည်းလုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်ခြင်း လုံးဝမဟုတ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ မွန်ပြည်နယ် အမှတ် (၅) မဲဆန္ဒနယ်မှ ဦးနိုင်ထွန်းအုံ မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သတ်ပြီး မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို အပြစ်မရှိဘဲ ထုတ်လိုက်တဲ့ကိစ္စ မေးခွန်းနဲ့ ပတ်သတ်ပြီး သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်သူရ အား ကရုပ္ပိကျောင်းဆရာတော် ဘဒ္ဒန္တဒါနလင်္ကာရ ဆရာတော် (၅)ပါးနဲ့ ဦးထွန်းငွေ ပါ (၁၅၂)ဦးတို့မှ အရေးယူပေးရန် သင့်လျော်တဲ့ အုပ်ချုပ်ရေးမှူးအသစ်ပြန်လည် ခန့်ထားပေးရန် တင်ပြခြင်းအပေါ် သံဖြူဇရပ်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးခဲ့ပါတယ်။

စစ်ဆေးတွေ့ရှိချက်များအရ ဝဲကလောင်တံတားရှေ့ရှိ လယ်မြေကို အုပ်ချုပ်ရေးမှူးဟာ လယ်ပိုင်ရှင်ဒေါ်မီး နဲ့ပူးပေါင်းပြီး ခြံကွက်ရိုက်ရောင်းစားတယ်ဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး လယ်ပိုင်ရှင်ဒေါ်မီး မှ ၎င်းရဲ့လယ်မြေကို အိမ်ရာကွက်များဖြင့် တစ်ကွက်လျှင် ငွေကျပ်သိန်း (၂၀)ဖြင့် ရောင်းချသည်ကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ အရပ်ကတိစာချုပ်ဖြင့် ကိုယ်တိုင်ရေးသားချုပ်ဆိုပေးပြီး စာချုပ်ကို စစ်ဆေးတဲ့အခါမှာ မော်လမြိုင်မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ ၁၇-၁-၂၀၁၄ ရက်စွဲဖြင့် အခွန်တံဆိပ်ခေါင်းဝယ်ယူခဲ့သော်လည်း စာချုပ်ချုပ်ဆိုသည့်နေ့မှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလဟု ရေးသားထားခြင်းကြောင့် မရိုးသားတဲ့သဘောဖြင့် နောက်ကြောင်းပြန် စာချုပ်ချုပ်ဆို ပေးထားသည်ကို စိစစ်တွေ့ရှိရကြောင်း ၂၀၁၂ လယ်ယာမြေ ဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၂(ဆ) အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူသည် ခွင့်ပြုမိန့်မရရှိဘဲ လယ်ယာမြေကို အခြားနည်း အသုံးမပြုရဆိုတဲ့ ပြဋ္ဌာန်းချက် နည်းဥပဒေ အပိုဒ် ၅၃ (က) အရ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သည် လယ်ယာမြေ ဥပဒေအခန်း(၄)အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူများအား လိုက်နာဆောင်ရွက်ရမယ့် စည်းကမ်းများကို လိုက်နာမှုရှိ/မရှိ၊ ကြီးကြပ်ရမယ့် ပြဋ္ဌာန်းချက် နည်းဥပဒေ ၅၄(က) အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူများအား လိုက်နာရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက အဆင့်ဆင့်သော လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်ဆိုသော ပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိဘဲ လယ်ယာမြေအား အိမ်ရာမြေကွက်အဖြစ် ရောင်းချရာမှာ ကိုယ်တိုင်အားပေးကူညီ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စုအုပ်ချုပ် လယ်ယာမြေစီမံခန့်ခွဲရေး ဥက္ကဋ္ဌဖြစ်သည့်အတွက် ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ရာ ၎င်းကိုယ်တိုင် ဥပဒေနဲ့ဆန့်ကျင်ပြီး ဆောင်ရွက်မှုသည် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေး အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ် ပုဒ်မ ၁၁ (က) လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်ခြင်းမပြုဘဲ ဖောက်ဖျက်ကျူးလွန်နေကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

ကရုပ္ပိကျေးရွာနေဦးဝင်းနိုင် အား ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကိုယ်ထိလက်ရောက် ထိုးနှက်ခဲ့သည်ဆိုတဲ့ အချက်နဲ့ပတ်သက်ပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ဦးဝင်းနိုင် ၏ ညာဘက်ပါးကို (၂)ချက်ရိုက်ခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူးက တောင်းပန်ရန် ဒူးထောက်ခိုင်းရာ မထိုင်တဲ့အတွက်ကြောင့်

ထပ်မံပြီးတော့ လက်သီးနဲ့ တစ်ချက်ထိုးနှက်ခဲ့ကြောင်း ပေါ်ပေါက်ကာ အုပ်ချုပ်ရေးမှူး ဦးကျော်သူရ ကိုယ်တိုင်မှလည်း ထွက်ဆိုခဲ့ခြင်းဖြစ်ပြီးတော့ အထိုးခံရတဲ့ ဒဏ်ရာနဲ့ပတ်သက်ပြီး ဖြစ်စဉ်ဖြစ်တဲ့နေ့မှာ တရားဝင်ဆေးစာနဲ့ ရဲစခန်းသို့တိုင်ကြားခဲ့ခြင်း မရှိခဲ့တဲ့အတွက်ကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအား ပြစ်မှုဆိုင်ရာဥပဒေနဲ့ အရေးယူနိုင်ခဲ့ခြင်း မရှိသော်လည်းပဲ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေး ဥပဒေ အခန်း ၅ ပါ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်များ ပုဒ်မ ၁၁ (ခ) အရ အရှိန်အဝါကို အသုံး ပြုခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် ငြိစွန်းပြီး ၎င်းဥပဒေ ပုဒ်မ ၁၅ တွင် အခန်း(၅)ပါ လိုက်နာစောင့်ထိန်း ရမယ့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက တာဝန်မှရပ်စဲခြင်းပြုနိုင်သည်ဟု ဖော်ပြထားတဲ့ အတွက်ကြောင့် ပြစ်မှုကျူးလွန်ခြင်း ထင်ရှားနေကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။

မြို့နယ်စုံစမ်းရေးအဖွဲ့ရဲ့ စိစစ်တွေ့ရှိချက်ကို မြို့နယ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန က တစ်ဆင့်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ခြင်းအပေါ် ၂၂-၅-၂၀၁၄ ရက်နေ့မှာ မွန်ပြည်နယ် အစိုးရ အဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၂/၂၀၁၄ ဆုံးဖြတ်ချက် အပိုဒ် ၁၈ အရ ခရိုင်နဲ့ မြို့နယ် ကော်မတီ များမှ ပြီးပြတ်အောင် ဆောင်ရွက်ရန်နဲ့ ခရိုင်အုပ်ချုပ်ရေးမှူးဌာနသို့ အကြောင်းကြားခဲ့ပါတယ်။ ၃၁-၅-၂၀၁၄ ရက်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦး၊ မော်လမြိုင်ခရိုင် အုပ်ချုပ်ရေးမှူး၊ သံဖြူဇရပ်မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်ကော်မတီ (၄)ရပ်တို့ဟာ ကရုပ္ပိကျေးရွာ အထက်တန်း ကျောင်းမှာ ကျေးရွာမှာရှိတဲ့ သံဃာတော်များ၊ ကျေးရွာအုပ်စု၊ ကော်မတီ (၃)ရပ်မှ အဖွဲ့ဝင်များ ဆယ် အိမ်စုမှူးများ၊ ကျေးရွာသားများနဲ့ တွေ့ဆုံပြီးတော့ စုံစမ်းစစ်ဆေးတွေ့ရှိမှု အခြေအနေများကို ရှင်းလင်း အသိပေးပြောကြားပြီး ပွင့်လင်းထင်သာမြင်သာဖြင့် ချပြရှင်းလင်း ဆောင်ရွက်၍ ဆယ်အိမ်စုမှူးများရဲ့ သဘောထားရယူခဲ့တဲ့အခါမှာ အများစုက ကြိုက်နှစ်သက်ခြင်းမရှိကြောင်း တွေ့ရှိချက်အား ပြန်လည် တင်ပြခဲ့ပါတယ်။

၎င်းအပြင် မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူးမှ သံဖြူဇရပ်မြို့နယ်သို့ သွားရောက်ပြီးတော့ စစ်ဆေးတွေ့ရှိချက်များကိုထပ်မံစိစစ်ကာ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတဲ့အတွက်ကြောင့် ၁၉-၆-၂၀၁၄ ရက်နေ့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေး အမှတ်စဉ် ၁၄/၂၀၁၄ ဆုံးဖြတ်ချက်အပိုဒ် (၃၈)အရ တိုင်ကြားချက်များအပေါ် စစ်ဆေးပေါ်ပေါက်ချက်များအရ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်သူရ သည် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၁(က)၊ (ခ)ပါ ပြဋ္ဌာန်းချက်များနဲ့ ငြိစွန်းပြီး၊ ၎င်း ဥပဒေပုဒ်မ ၁၅ နဲ့အညီ အရေးယူဆောင်ရွက်ခြင်းကို မှတ်တမ်းတင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကရုပ္ပိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်သူရအား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး အခန်း(၅)ပါ လိုက်နာဆောင်ရွက်ရမယ့်ကျင့်ဝတ်ပုဒ်မ ၁၁(က)၊ (ခ)တို့ကိုကျူးလွန်နေကြောင်း စစ်ဆေး ပေါ်ပေါက်ချက်အရ ၎င်းဥပဒေ ပုဒ်မ ၁၅ အရ အရေးယူဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်သူရ အား ၁၇-၆-၂၀၁၄ ရက်နေ့မှာ တာဝန်မှရပ်စဲခဲ့ပြီး ၎င်းအား ပြန်လည်ခန့်အပ်ရန် အစီအစဉ် မရှိတော့ဘဲ ဥပဒေနဲ့အညီ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်ခန့်ထားနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေး အဖွဲ့များနှင့်ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်အရ ဘဏ္ဍာနှစ်အတွင်း ပိုလျှံငွေကို ဆက်လက်သယ်ဆောင်ခွင့်မရှိဘဲ ငွေကြေးလိုအပ်ချက်ရှိပါက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (SEE) နှင့်တန်းတူ ဗဟိုဘဏ်မှ အတိုးနှင့်ချေးရသည့်စနစ်သည် ဖြစ်သင့်၊ မသင့်၊ အခွန်ထမ်းပြည်သူများ ထည့်ဝင်ထားသော အခွန်အခများကို သက်ဆိုင်ရာ မြို့နယ်၌ အပြည့်အဝ အသုံးချဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ပြန်လည်သုံးသပ်ရန်နှင့် စည်ပင်အဖွဲ့များ အနေဖြင့် ပြည်ထောင်စုအဆင့်တွင် ဝန်ကြီးဌာန၊ ဦးစီးဌာနမရှိတော့၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရာထူးတိုးခွင့်၊ တိုင်းကျော် ပြောင်းရွှေ့ခွင့် အခွင့်အလမ်းများ ကြပ်တည်းသွား၍ မည်သို့ စဉ်းစား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေး အဖွဲ့များနှင့်ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ ညွှန်ကြားချက်အရ ဘဏ္ဍာနှစ်အတွင်း ပိုလျှံငွေကို ဆက်လက်သယ်ဆောင်ခွင့်မရှိဘဲ ငွေကြေးလိုအပ်ချက်ရှိပါက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ (SEE)နှင့်တန်းတူ ဗဟိုဘဏ်မှ အတိုးနှင့်ချေးရသည့်စနစ်သည် ဖြစ်သင့်၊ မသင့်၊ အခွန်ထမ်းပြည်သူများ ထည့်ဝင်ထားသော အခွန်အခများကို သက်ဆိုင်ရာ မြို့နယ်၌ အပြည့်အဝအသုံးချဝန်ဆောင်မှု ပေးနိုင်ရေးအတွက် ပြန်လည်သုံးသပ်ရန်နှင့် စည်ပင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုအဆင့်တွင် ဝန်ကြီးဌာန၊ ဦးစီးဌာနမရှိတော့၍ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရာထူးတိုးခွင့်၊ တိုင်းကျော်ပြောင်းရွှေ့ခွင့် အခွင့်အလမ်းများ ကြပ်တည်းသွား၍ မည်သို့ စဉ်းစား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ရာထူးအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က ယနေ့ မေးမြန်းခွင့်ရတဲ့ စည်ပင်သာယာရေးလုပ်ငန်းနဲ ပတ်သက်တဲ့ မေးခွန်းဟာ စည်ပင်သာယာရေးနဲ့ ပတ်သတ်တဲ့ ကိစ္စတွေဟာ အခြေခံဥပဒေအရ ဇယား(၂)မှာပါပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်က ကွပ်ကဲရတဲ့ကိစ္စ ကျွန်တော်သိပါတယ်။

အလားတူပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြချင်တဲ့ အချက်က ခေတ်စနစ်ပြောင်းပြီးတော့ ဖွဲ့စည်းပုံပြောင်းတာကိုလည်း ကျွန်တော် နားလည်ပါတယ်။ လုပ်နေတဲ့ လက်ရှိ ငွေကြေးကိစ္စဟာလည်း ဘဏ္ဍာရေးဌာနရဲ့ လမ်းညွှန်ချက်အရ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်နေတာကိုလည်း ကျွန်တော်သိပါတယ်။ မသိလို့ ကျွန်တော်မေးခြင်းမဟုတ်ဘဲနဲ့ အဲဒီဟာက ပြန်လည်သုံးသပ်သင့် မသုံးသပ်သင့်ကို စဉ်းစားမိတဲ့အတွက်ကြောင့် ဒါမေးခြင်းဖြစ်ပါကြောင်း ရှေးဦးစွာတင်ပြအပ်ပါတယ်။ အများသိတဲ့ အတိုင်းပါပဲခင်ဗျား။ အရင်တုန်းကတော့ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဆိုတာရှိခဲ့ပါတယ်။ အဲဒီ အောက်မှာလည်းပဲ စည်ပင်သာယာရေးဦးစီး ဌာန ရှိပါတယ်။ ဆိုလိုတာ ဗဟိုကွပ်ကဲတဲ့ စနစ်ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ ညွှန်ချုပ်ရုံးလည်း ဦးစီးဌာနလည်း ရှိတဲ့အတွက်ကြောင့် စီမံခန့်ခွဲရေးဟာ အထက်ကပဲ ကိုင်ပါတယ်။ အခြေခံဥပဒေအရ ကျွန်တော်တို့ အစိုးရအသစ် ပေါ်ပေါက်လာပြီးတဲ့ နောက်မှာဆိုရင် ဒါ ဇယား (၂)အရ တိုင်းဒေသကြီး/ ပြည်နယ် ရဲ့ လုပ်ပိုင်ခွင့်ဖြစ်တဲ့ အတွက်ကြောင့် ဒီ ဗဟိုဦးစီးဌာနလည်း မရှိတော့တဲ့အတွက်ကြောင့် ဒီစနစ်ကိုကျင့်သုံးတာ ကျွန်တော် သဘောပေါက်ပါ တယ်။ ဒါပေမဲ့ အဲဒီမှာဖြစ်ပေါ်လာတဲ့ အခက်အခဲတစ်ချို့က ဘာလဲဆိုတော့ တစ်ချိန်တုန်းကတော့ စည်ပင်သာယာရေးအဖွဲ့တွေဟာ ငွေစာရင်းအရှင်(၄)မျိုးထားရပါတယ်။ ပထမကတော့ သာမန်ငွေ စာရင်းပေါ့၊ ငွေစာရင်းရှင် နောက်ငွေလုံးငွေရင်း ငွေစာရင်းရှင်၊ ငွေရေးကြေးရေးဆိုင်ရာ ငွေစာရင်းရှင်၊ အရပ်ရပ် အခွင့်အရေးလိုင်စင်နဲ့ပတ်သက်တဲ့ ငွေစာရင်းရှင်စာရင်းကို (၄)မျိုးဖွင့်ထားပါတယ်။ ဖွင့်ထား ပြီးတော့ အဲဒီ ထဲကနေပြီးတော့ သူက ဘဏ္ဍာနှစ်အလိုက်သူက အထက်အဖွဲ့အစည်းဖြစ်တဲ့ ဦးစီးဌာနရဲ့ ဆုံးဖြတ်ချက်၊ ခွင့်ပြုချက်နဲ့သွားသုံးရတာ ဖြစ်ပါတယ်။ အခုကျတော့ ဒီငွေစာရင်းနဲ့ပတ်သက်လို့ သူက တစ်မျိုးပဲ ရှိပါတယ်။ ဘဏ္ဍာရေးနှစ်မှာ ဟိုတုန်းကတော့ ပိုကောက်တယ်။ ပိုလို့ရခဲ့တယ်။ ပိုရခဲ့ရင် ဒီ ငွေစာရင်းရှင် ထဲမှာထည့်ထားတဲ့အတွက်ကြောင့် ဒါဟာဟိုဘက်နှစ်ကို ပါသွားပါတယ်ခင်ဗျ။ ဒီ မြို့နယ် ရဲ့ အခွန်အကောက်ဟာ တခြားကိုရောက်မသွားဘဲ ဒီထဲမှာပဲရှိနေတယ်။ ဟိုဘက်နှစ်ကို သယ်ဆောင် သွားခွင့်ရခဲ့ပါတယ်။ အဲဒီလို ကျန်ရှိနေတဲ့ ရန်ပုံငွေနဲ့ပတ်သက်လို့လည်း ဒီဦးစီးဌာနရဲ့ ခွင့်ပြုချက်အရ ဒီမြို့နယ်မှာပဲ ပြန်သုံးခွင့်ရပါတယ်။ ဆိုလိုတာက ကိုယ်ကပိုမိုပြီး အခွန်နဲ့ပတ်သက်လို့ ဆောင်ရွက် နိုင်ရင် လူထုက ပြန်ပြီး အခွန်ထည့်ရင် ဒီမြို့နယ်မှာပြန်သုံးခွင့်ရတဲ့ စနစ်လေး ဖြစ်ပါတယ်။

ဒါပေမဲ့ ၃၁-၃-၂၀၁၁ နောက်ပိုင်းမှာ ကျွန်တော်တို့ နယ်စပ်စည်ပင်ဝန်ကြီးဌာနလည်း ဖျက်သိမ်းတယ်။ ဦးစီးဌာနလည်း ဖျက်သိမ်းတဲ့အတွက်ကြောင့် ဒါတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အဖွဲ့ရဲ့ကွပ်ကဲမှုအောက် ရောက်တဲ့အခါမှာ အသုံးစရိတ်တွေ လျာထားတဲ့ကိစ္စ ဘတ်ဂျက် ရေးဆွဲတဲ့ ကိစ္စအားလုံးဟာ ငွေသွင်းငွေထုတ် စာရင်းတစ်ခုပဲ ကျန်ပါတယ်။ ထုံးစံပါပဲ။ လုပ်ထုံးလုပ်နည်းအရပါပဲ။ လမ်းညွှန်ချက်အရပါပဲ။ အဲဒီတော့ ဒါဟာဘယ်မှာပါလဲဆိုတော့ တိုင်းဒေသကြီးရဲ့ ဘဏ္ဍာရန်ပုံငွေ အောက်မှာပဲပါတယ်။ အဲဒီအခါမှာ ဒီစည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့ရဲ့ ကြိုးစားအားထုတ်မှု၊ မြို့နယ်ရဲ့ တာဝန်ကျေမှုအလျောက် အခွန်အကောက်ပိုမိုပြီးရရှိခဲ့လို့ ကောက်ခံငွေပိုလာရင် ဖြည့်စွက်တင်ပြခွင့် ရှိပါတယ်။ SD လျှောက်ထားခွင့်ရှိတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ အဲဒီ SD လျှောက်ထားဖို့ အတွက်ကလည်း ဘာနဲ့ကန့်သတ်ထားလဲ ဆိုတော့ နှစ်စကတည်းက ဘတ်ဂျက်မတိုင်ခင် တွက်ထားတဲ့ အမျိုးသားစီမံကိန်းမှာ ပါမှရမယ်ဆိုတဲ့ ဘဏ္ဍာရေးဌာနရဲ့ လမ်းညွှန်ချက်လည်း ကျွန်တော် ဖတ်ထားပါ တယ်။

နောက်တစ်ခါ SD တောင်းတယ်ဆိုတာက BE မှာမပြီးပြတ်တဲ့လုပ်ငန်းကိုပဲ တောင်းခွင့်ရှိပါ တယ်။ စည်ပင်သာယာကျတော့ အခြားအစိုးရဌာနတွေလို စီမံကိန်းနဲ့ဆွဲကြိုလုပ်လို့မရပါဘူး။ မြို့နယ် လေးထဲမှာ Local လုပ်ငန်းလေးဖြစ်တဲ့အတွက်ကြောင့် သူကဥပမာအားဖြင့် မူလတုန်းက BE ရထား စဉ်ကမပါပဲနဲ့ မိုးကြီးလို့၊ ရေကြီးလို့၊ ရေလျှံလို့၊ ချောင်းရိုးတံတားကျိုးသွားမယ် ကျေးရွာလမ်းတစ်ခု ပျက်စီးသွားမယ်ဆိုရင် ဒါလေးကလုပ်ငန်းတစ်ခု ပေါ်လာပါတယ်။ ဒါပေမဲ့ မူလလျာထားချက်မှာ စီမံကိန်းတွေ မပါပါဘူး။ အဲဒါဆို သူက SD မှာတောင်းခံလို့မရတဲ့ သဘောပါပါတယ်။ နောက်တစ်ခါ သူက ပိုလျှံတဲ့ငွေအားလုံးဟာ ဘဏ္ဍာနှစ်ပိတ်တဲ့အချိန်မှာ ထုံးစံအတိုင်းပဲ တိုင်းဒေသကြီးအစိုးရ ရန်ပုံ ငွေမှာပါသွားတဲ့ အတွက်ကြောင့် ဒီမြို့နယ်မှာမရှိတော့ပါဘူး။ မရှိတဲ့အတွက်ကြောင့် ကိုယ်ကအခွန်ပို

ကောက်တယ်။ မြို့နယ်က အခွန်ပိုထမ်းလည်း မြို့နယ်က ဒီဟာကို သုံးစွဲခွင့်မရတဲ့အတွက်ကြောင့် မြို့လူထုကလည်းပြောပါတယ်။ ကျွန်တော်တို့ မြို့မိ/မြို့ဖ တွေကလည်းပြောပါတယ်။ အခုတော့ စည်ပင်သာယာရေး ကော်မတီတွေပေါ်လာတဲ့အခါ ကော်မတီတွေကလည်း တက်တက်ကြွကြွ လုပ်ချင်တဲ့အခါကျတော့ ဒါလေးကိုသူကသွားမြင်ပါတယ်။ ကျွန်တော်တို့က မြို့နယ်အများအပြားက တင်ပြချက်ကလေးတွေဖြစ်ပါတယ်။

နောက် ကျွန်တော်တို့ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ ဘာရှိလဲဆိုတော့ အဲ လိုငွေပေါ်ပေါက်ရင် အစိုးရရဲ့ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းလို့ခေါ်တဲ့ အစိုးရရဲ့ State Economic Enterprise နဲ့တန်းတူထားပြီးတော့ စည်ပင်သာယာရေးအဖွဲ့များဟာ ဗဟိုဘဏ်က ငွေချေးနိုင်ပါတယ်။ အသေးစားထွက်ဖို့ရှိတယ်။ ငွေချေးနိုင်တဲ့အခါကျတော့ SEE ကစီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဝင်ငွေရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ထုတ်လုပ်မှုလုပ်မယ် ဥပမာ ဘိလပ်မြေထုတ်ရောင်းမယ်၊ ရေနံဓာတ်ငွေ့ရောင်းမယ်၊ သစ်ရောင်းမယ်၊ အဲဒီလို သူကစီးပွားရေးလုပ်ငန်းလုပ်တဲ့ အဖွဲ့အစည်းရှိသလို ဝန်ဆောင်မှုပေးတဲ့ SEE ရှိတယ်။

ဥပမာအားဖြင့် ပို့ဆောင်ရေးကဏ္ဍလို ဟိုတယ်ခရီးလို သူတို့ကတော့ ဝင်ငွေရမှာဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းအတွက် ရင်းနှီးငွေဖြစ်တဲ့ Working Capital အတွက် ငွေချေးရပါတယ်။ ပြန်ရတဲ့ဝင်ငွေနဲ့ သူက အတိုးလည်း အရင်းလည်း ဆပ်နိုင်ပါတယ်။ သို့သော် စည်ပင်သာယာသည် Non Profit အဖွဲ့အစည်း တစ်ခု ဖြစ်ပါတယ်။ အင်္ဂလိပ်စကားလေး ပါသွားတာ ခွင့်လွှတ်ပါခင်ဗျား။ Non Profit ဆိုတာသူက အကျိုးအမြတ်မရတဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက်ကြောင့် ငွေတိုးကိုလည်း ကျခံမယ့် ပုဂ္ဂိုလ်မရှိဘူး။ အရင်းလည်းသူပြန်ဆပ်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့်သူမှာ ဒေသကကြိုးစားပမ်းစားဆောင်ရွက်ထားလို့ ဒီမြို့နယ်မှာ ပိုရတဲ့အခွန်အကောက်သည် လက်ကျန်ဖြစ်ခဲ့ရင် ဒီမြို့နယ်အတွက် ပိုပြီးလုပ်ပေးမယ်ဆိုရင် အခွန်ထမ်းပြည်သူကလည်း ယုံကြည်မှုရှိလာမယ်။ ပါဝင်ပူးပေါင်းဆောင်ရွက်မှုရှိလာမယ်။ ဌာနက အဖွဲ့အစည်းကလည်း အားရှိလာတယ် လုပ်ရကိုင်ရတာ၊ ဒါကြောင့်ကျွန်တော်တို့ ဒီကိစ္စလေးကိုပြန်သုံးသပ်စေချင်တဲ့အတွက်ကြောင့် မေးခွန်း(၁)အနေနဲ့ လက်ရှိကျင့်သုံးနေတဲ့ စည်ပင်သာယာရေးနဲ့ပတ်သတ်တဲ့ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်စနစ်ဟာ ပြန်လည်သုံးသပ်မှု ရှိ/မရှိ ဆိုတဲ့ အချက်ကလေး ဒါ (၁) မေးခွန်းကို ဥက္ကဋ္ဌကြီးမှတဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ဆက်စပ်သွားပါတယ်။ စည်ပင်သာယာရေးအဖွဲ့ လို့ဆိုလိုက်တဲ့အတွက်ကြောင့် ဒါဟာ အဖွဲ့အစည်းဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အောက်မှာရှိပါတယ်။ သူက ဦးစီးဌာနလို တစ်ပြည်လုံးနဲ့မဆိုင်တော့ဘူး။ ဒါကြောင့် ဝန်ထမ်းရေးရာကိစ္စဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရလက်အောက်မှာပဲ ရှိပါတယ်။ ရာထူးနာမည်နဲ့ တပ်ပြောရရင် အကြီးဆုံးက တိုင်းညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာလိုင်းမှာ အင်ဂျင်နီယာမှူးကြီးပေါ့။ ဒီနှစ်ယောက်က ဒီအဆင့်နဲ့တက်တဲ့ဌာနမရှိဘူး။ ဒါကြောင့် သူတို့အောက်မှာရှိတဲ့ ဒုညွှန်၊ ဒီ့ထက်ပိုမတက်နိုင်ဘူး။ အောက်ကလက်ညွှန်၊ ဦးစီးဌာနဦးစီးအရာရှိ၊ ဒုဦးစီးစသည်ဖြင့် အဆင့်ဆင့်တက်ဖို့ရာ တစ်ယောက်သေမှတစ်ယောက် အင်မတန်ခက်ခဲသွားတဲ့ရာထူးတိုးမြင့် ခံစားခွင့်ဟာ အခြားဌာနနဲ့ယှဥ်လိုက်ရင် တော်တော်ကြပ်တည်းပါတယ်။ အလားတူပြောင်းရွှေ့ခြင်းဟာလည်း မြို့နယ်ကျော်၊ တိုင်းကျော်၊ မြို့နယ်တွင်းမှာတော့ ပြောင်းလို့ရ

တယ်။ တိုင်းကျော်မှာအခက်အခဲရှိတယ်။ အိမ်ထောင်ကျသွားလို့ တပ်မတော်သားနဲ့ရတယ်။ ရွှေ့ရတယ်။ အဲဒီအခါမှာပြောင်းရွှေ့ရေးက အင်မတန်ခက်ခဲတာကိုတွေ့ရပါတယ်။ ဒါမျိုးကျတော့ ကျွန်တော်တို့ဌာနတွေအနေနဲ့က ဦးစီးဌာနတစ်ခုလုံးနဲ့ တစ်ပြည်လုံးနဲ့ ယှဉ်ပြီးစဉ်းစားလိုက်ရင်တော့ ယှဉ်ပြိုင်စာမေးပွဲဖြေတဲ့အခါမှာပဲ ဖြစ်စေ၊ ပြောင်းရွှေ့တဲ့အခါမှာ ဖြစ်စေ၊ ရာထူးတိုးတဲ့အခါမှာ ဖြစ်စေပိုပြီးကျယ်ကျယ်ပြန့်ပြန့်စဉ်းစားနိုင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့လည်း ရာထူးနေရာများ ဝန်ထမ်းရေးရာကိစ္စ ဖြစ်တဲ့အတွက်ကြောင့် ဝန်ထမ်းဟာလည်း ကျွန်တော်တို့ မဲဆန္ဒရှင်ဖြစ်နေတဲ့ အတွက်ကြောင့် ဒီကိစ္စ (၂) မေးခွန်းအနေနဲ့လည်း ပြန်လည်သုံးသပ်ရန် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကြီးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၄။**

**ဦးဖုန်းဇော်ဟန် (နေပြည်တော်ကောင်စီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ မေးမြန်းချက်နဲ့ပတ်သက်လို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှ ဖြေကြားချက်များအပေါ် စုစည်းပြီးတော့ နေပြည်တော်ကောင်စီအနေနဲ့ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။

အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသလို စည်ပင်သာယာရေးအဖွဲ့များဟာ ယခင် အစိုးရလက်ထက်တွင် လည်းကောင်း၊ ယခုအစိုးရ လက်ထက်တွင်လည်းကောင်း ကျွန်တော်တို့က မြို့နယ်အလိုက် ကောက်ခံရရှိတဲ့ ဝင်ငွေအပေါ်မှာ မူတည်ပြီးတော့ ဒီလုပ်ငန်းများကို ပြန်လည်အသုံးပြုလျက်ရှိပါတယ်။ သုံးစွဲလျက်လည်း ရှိပါတယ်။ အခု အစိုးရအသစ် လက်ထက်မှာလည်း စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကွပ်ကဲမှုအောက်မှာရှိပြီးတော့ မြို့နယ်အလိုက်ကောက်ခံရရှိတဲ့ ငွေတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ် ဘဏ္ဍာရန်ပုံငွေကို ပေးသွင်းပြီးတော့ ဒီကောက်ခံရရှိတဲ့ ငွေပမာဏအတိုင်းကို မြို့နယ်များမှာ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများရဲ့ ခွင့်ပြုချက်နဲ့ သုံးစွဲလျက်ရှိပါကြောင်း ရှင်းလင်းအပ်ပါတယ်။

အဲဒီတော့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ အရင်တုန်းကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ စည်ပင်သာယာရေးဦးစီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ မိမိဝင်ငွေအပေါ် ရပ်တည်ပြီးတော့ အသုံးစရိတ်များ လျာထားသုံးစွဲပါတယ်။ ဒါကို ဦးစီးဌာနနဲ့ ဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ သုံးစွဲပြီးတော့ ရငွေများကိုလည်း သာမာန်စာရင်းရှင်၊ ငွေလုံးစာရင်းရှင်၊ ငွေရေး

ကြေးရေးစာရင်းရှင်နဲ့ အပ်ငွေစာရင်းရှင်ဆိုပြီးတော့ စာရင်းရှင် (၄)မျိုးနဲ့ ဖွင့်ပြီးတော့ ရငွေတွေကို ကောက်ခံပေးသွင်းပါတယ်။ ဒီကနေပြီးတော့ သုံးငွေတွေကို ပြန်လည်ထုတ်ယူ သုံးစွဲခြင်းများသာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

ဒီဘဏ္ဍာရေးနှစ် အလိုက်လည်း အပိုငွေကောက်ခံရရှိရင် ဒါဖြည့်စွက်အသုံးစရိတ် တင်ပြ တောင်းခံပြီးတော့ ထပ်မံကျန်ငွေတွေကိုလည်း ဘဏ္ဍာရေးနှစ်ရဲ့ ဘဏ်လက်ကျန်အဖြစ်ထားပြီး စာရင်း ရှင်မှာထားပြီး နောင်နှစ်မှာ ဘဏ္ဍာရေးနှစ်ရဲ့ လိုအပ်အသုံးစရိတ်များကို ဘဏ်လက်ကျန်ကနေ ဖြည့်စွက်ပြီးတော့ သုံးစွဲလျက်ရှိကြောင်း ဒါစည်ပင်သာယာရေးအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ သုံးစွဲလျက်ရှိတာ ဖြစ်ပါတယ်။ ဒီ ၂၀၁၁-၂၀၁၂ ကျွန်တော်တို့ ဒီ အစိုးရသစ်လက်ထက်မှာတော့ ဒီစည်ပင်သာယာရေး အဖွဲ့များဟာ အစိုးရအဖွဲ့ရဲ့ကွပ်ကဲမှုအောက်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘဏ္ဍာရေးနှစ်မှာ စပြီး တော့ ရရှိတဲ့ပိုလျှံငွေတွေကို တိုင်းဒေသကြီးပြည်နယ်အစိုးရ ရန်ပုံငွေကို ဒါပေးသွင်းရပါတယ်။ ဒီနေရာ မှာလည်း ကျွန်တော်တင်ပြလိုတာကတော့ ဒီမြို့နယ်များမှာ ကောက်ခံရရှိမှုဟာ မြို့ပေါ်များမှာသာ ကောက်ခံရရှိတဲ့ ငွေသာရှိပြီးတော့ ကျေးရွာများအတွက်ကိုတော့ ကောက်ခံရရှိခြင်း မရှိဘဲနဲ့ ဒါ စည်ပင် သာယာရေးအဖွဲ့များကသာ ငွေကြေးဖြည့်စွက်ပြီးတော့ ဆောင်ရွက်ပေးနေရတဲ့ အနေအထားဖြစ်ပါ တယ်။ ဒီနေရာမှာလည်း ဒီလိုမြို့နယ်အလိုက်မှာ ကျေးရွာတွေအတွက် လိုအပ်တဲ့ ငွေကြေးသုံးစွဲဖို့ လိုအပ်ပြီဆိုလျှင်လည်း ဒါသက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကပဲ လိုအပ်တဲ့ငွေကြေးကို ဖြည့်စွက်ပြီးတော့ ဆောင်ရွက်ပေးတဲ့ အနေအထားလေး ရှိကြောင်းလည်း ရှင်းလင်းတင်ပြလိုပါတယ်။

နောက်တစ်ချက်ကတော့ စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ ဒီ SEE အဖွဲ့များနည်းတူ ဒါ အတိုးနှုန်း တောင်းခံတာနဲ့ ပတ်သက်လို့ စည်ပင်သာယာရေးအဖွဲ့များအနေနဲ့ ကျွန်တော်တို့ စည်ပင် သာယာရေးလုပ်ငန်းမှာကိုက အခွန်ကောက်ခံခြင်း၊ လေလံလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငှားရမ်းခများ လုပ်ခွင့်ရှိခြင်းဆိုတာမျိုး ရှိတဲ့အတွက်ကြောင့်မို့လို့ ဒါတွေကကျွန်တော်တို့ စီးပွားရေးလုပ်ငန်း ဆောင်ရွက် နိုင်တဲ့ အနေအထားရှိတဲ့အတွက်ကြောင့်မို့လို့ SEE အဖွဲ့များနည်းတူ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင် ခွင့်ရတဲ့အဖွဲ့အစည်းများ အနေနဲ့ ဒါအတိုးနှုန်း တစ်ပြေးညီ သတ်မှတ်ထားခြင်း ဖြစ်ပါကြောင်း ဒါ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဝန်ထမ်းရေးရာနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြပါ့မယ်။ စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများရဲ့ ဝန်ထမ်းရေးရာ အခက်အခဲများ မရှိစေရေးအတွက်ကို ကျွန်တော်တို့ ရာထူးတိုးမြှင့် ရေးမှာလည်း သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရများမှာရှိတဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန များကနေပြီးတော့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ လိုအပ်တဲ့ ကိစ္စရပ်များကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့နည်းအတူပဲ ဒီ ပြောင်းရွှေ့ရေးနဲ့ ပတ်သက် လို့ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုကနေ အခြားပြည်နယ်တစ်ခုကို ပြောင်းရွှေ့မယ်ဆိုလိုရှိရင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အချင်းချင်းညှိနှိုင်းပြီးတော့ ဒါ ဖြေရှင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း လက်ရှိအနေအထားနဲ့လည်း ဒီအတိုင်းပဲ ဒီလိုအပ်ချက်များကို ဝန်ထမ်းများရဲ့ အခက်အခဲ များကို ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိ မြို့နယ်၊ အောင်သုခကျေးရွာအနီး ဖြတ်သန်းသွားသည့် ငါးလိုက်ချောင်း ကမ်းပါးပြိုကျလာနေသည့်အတွက် ကျေးရွာရှိ နေအိမ်များ ပျက်စီးမျောပါသွားခြင်းမှ ကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ဖြတ်သန်းသွားသည့် ငါးလိုက်ချောင်းကမ်းပါးပြိုကျလာနေသည့်အတွက် ကျေးရွာရှိနေအိမ်များ ပျက်စီးမျောပါသွားခြင်းမှ ကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ဖြတ် သန်းသွားတဲ့ ငလိုက်ချောင်းကမ်းပါးပြိုကျလာနေတဲ့အတွက် ကျေးရွာရှိလူနေအိမ်များ ပျက်စီးမျောပါသွားခြင်းမှ ကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာဟာ အိမ်ခြေ(၁၄၀၂)ရွာရှိပြီးမှ လူဦးရေကတော့ (၃၂၀၇) ဦးနေထိုင်တဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ နှစ်စဉ်မိုးရာသီကာလများမှာ မိုးရွာသွန်းမှု အခြေအနေအပေါ်မူတည်ပြီး မကြာခဏဆိုသလို ချောင်းရေများစီးဆင်းလာပြီး ချောင်းရေကြီးက ကျေးရွာရှိ ချောင်းကမ်းပါး ရေတိုက်စားမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ လွန်ခဲ့တဲ့(၄)နှစ်ကာလမှ စပြီးမှ ငလိုက်ချောင်းကမ်းပါး ချောင်းရေတိုက်စားတဲ့အတွက်ကြောင့် ချောင်းကမ်းပါး ပြိုကျနေမှုများရှိပြီး ချောင်းကမ်းပါးအနီးမှာနေထိုင်ကြတဲ့ ကျေးရွာရှိလူနေအိမ်များ ပြိုကျပျက်စီးမျောပါမှုများ ဖြစ်ပေါ်လျက် ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ မိုးရာသီကာလတုန်းက ချောင်းရေကြီးပြီး ချောင်းကမ်းပါးရေ တိုက်စားမှု ဖြစ်ပေါ်ခဲ့တဲ့အတွက် လူနေအိမ်(၂)လုံးပြိုကျပြီး ရေနောက်မျောပါ သွားခဲ့ပါတယ်။ ထပ်မံပြီး ကျေးရွာရှိ လူနေအိမ်များ မျောပါသွားမယ့်အခြေအနေ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ချောင်းကမ်းပါးအနီးနေထိုင်ကြတဲ့ ကျေးရွာရှိပြည်သူများ စိုးရိမ်ကြောင့်ကြလျက်လည်း ရှိနေကြပါတယ်။ အောင်သုခကျေးရွာရဲ့ အနောက်ဘက်ခြမ်းနဲ့ အရှေ့ဘက်အခြမ်းမှာရှိတဲ့ ငလိုက်ချောင်း တစ်လျှောက်ကိုတော့ မြေထိန်းကျောက်စီနံရံများ ဆောင်ရွက်ပေးထားတဲ့အတွက် ချောင်းကမ်းပါးပြိုကျမှု အန္တရာယ်ကျရောက်မှု မရှိတာကိုလည်း တွေ့ရှိရပါတယ်။ ယခု အောင်သုခကျေးရွာအနီးမှာရှိတဲ့ ငလိုက်ချောင်းတစ်လျှောက် ပေ(၃၁၀၀)ခန့်မှာ မြေထိန်းကျောက်စီထားခြင်းမရှိတဲ့အတွက် ချောင်းကမ်းပါးများ ပြိုကျနေမှု ဖြစ်ပေါ်

နေပြီး နှစ်ရှည်လများဖြစ်ပေါ်နေမည်ဆိုပါက ကျေးရွာရှိလူနေအိမ် တော်တော်များများ ပြိုကျမျောပါသွားနိုင်ပြီးတော့မှ ပြည်သူများ ဒုက္ခနှင့် ဆက်လက်ရင်ဆိုင်ရဖွယ်ရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငလိုက်ချောင်းရေကြီးသဖြင့် ချောင်းရေ တိုက်စားကာ ကမ်းပါးပြိုကျနေမှု ဓာတ်ပုံမှတ်တမ်းများ Power Point ဖြင့် တင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က မိုးရာသီကာလမှာ မိုးရွာပြီးတော့မှ ချောင်းရေကြီးပြီးတော့မှ ချောင်းရေတိုက်စားပြီး ချောင်းကမ်းပါးပြိုကျတဲ့ ဒါမှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က ချောင်းရေတိုက်စားချိန်မှာ ချောင်းကမ်းပါးပြိုကျတဲ့ ပုံဖြစ်ပါတယ်။ ဒါလည်း ကျေးရွာအနီးမှာရှိတဲ့ ကပ်နေတဲ့ကမ်းပါးပြိုကျပြီးတော့ အိမ်မျောပါသွားတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကတော့ ကျေးရွာရှိပြည်သူတွေ အားကိုးတကြီးနဲ့ ကိုယ်စားလှယ်ကို လာရောက်ကြည့်ရှုပြီးတော့မှ ကူညီဆောင်ရွက်ပေးပါ ဆိုတဲ့အကြောင်းကို ကျွန်တော်သွားရောက် ကြည့်ရှုခြင်းဖြစ်ပါတယ်။ ဒါကတော့ ယခုကျွန်တော်တို့ ဒီနှစ်မှာ ပြီးခဲ့တဲ့လအပိုင်းက ချောင်းရေစီးလာတဲ့ အနေအထားဖြစ်ပါတယ်။ လတ်တလောက ချောင်းကမ်းပါးပြိုကျမယ့်အနေအထား မရှိပေမယ့်လို့ ဒီထက်ရေစီးဆင်းမှု များလာရင်တော့ ထပ်ပြီးတော့ ပြိုကျသွားနိုင်မယ့် အန္တရာယ်ရှိတဲ့ အနေအထားပုံ ဖြစ်ပါတယ်။ ဒီပုံကလည်း ထိုနည်းတူစွာ ဖြစ်ပါတယ်။ ဒါကတော့ ကျေးရွာရဲ့ အနောက်ဘက်နဲ့ အရှေ့ဘက်မှာ ကျွန်တော်တို့ ဒီငလိုက်ချောင်းကိုပဲ မြေထိန်းကျောက်စီထားတဲ့ အနေအထားဖြစ်ပါတယ်။ ဒီကျောက်စီထားတာဖြစ်တဲ့အတွက် ချောင်းကမ်းပါးပြိုစားမှုကတော့ နည်းနည်းအကာအကွယ်ရှိနေတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်သုခကျေးရွာ၊ ငလိုက်ချောင်းကမ်းပါးတွင် နေထိုင်ကြတဲ့ လူနေအိမ်များအနေနဲ့ ပြောင်းရွှေ့ဆောက်လုပ်ဖို့အတွက် နေရာလည်းမရှိပါဘူး။ မြေကွက်များ ဝယ်ယူပြီး ပြောင်းရွှေ့တည်ဆောက်နိုင်မယ့် အခြေအနေလည်း မရှိတဲ့အတွက်ကြောင့် ပြည်သူများ ပူပန်သောကဖြစ်နေလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ဖြတ်သန်းသွားတဲ့ ငလိုက်ချောင်းကမ်းပါး ပြိုကျလာနေတဲ့အတွက် ကျေးရွာရှိလူနေအိမ်များ ဆက်လက်ပြီး ပျက်စီးမျောပါသွားခြင်းမှ ကာကွယ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းအား အောင်သုခကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ငါးလိုက်ချောင်း ကမ်းပါးပြိုနေပုံ (စ)




ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ငါးလိုက်ချောင်း ကမ်းပါးပြိုကျနေပုံ (စ-၁)




**အချိန်၊ ၁၂း၀၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင် ဦးကံချွန် က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂း၀၄။**

**ဦးကံချွန် (နေပြည်တော်ကောင်စီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှလုံးရွှင်လန်းချမ်းမြေ့၍ ကျန်းမာပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သ အပ်ပါ

တယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင်ဦးကံချွန် ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ဋ္ဌေး မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး၍ မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီး ဖြတ်သန်းသွားတဲ့ ငလိုက်ချောင်းကမ်းပါး ပြိုကျလာနေသည့် အတွက် ကျေးရွာရှိ လူနေအိမ်များပျက်စီးမျောပါသွားခြင်းမှ ကာကွယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိနဲ့ ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေမှာ ငလိုက်ချောင်းတစ်လျှောက် တည်ဆောက်ပြီး တံတားများရဲ့ အထက်ဘက်နှင့်အောက်ဖက်တို့တွင် တံတားများ ရေတိုက်စားခြင်းမှ ကာကွယ်ရန် ကျောက်ရိုးစီခြင်း လုပ်ငန်းများအားဆောင်ရွက်ထားနိုင်တဲ့ အနေအထားရှိပါတယ်ခင်ဗျား။ ငလိုက် ချောင်းတစ်လျှောက် ကျောက်ရိုးစီခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသော်လည်း အောင်သုခကျေးရွာအနီးဖြတ်သန်းသွားတဲ့ ငလိုက်ချောင်းကမ်းပါးနေရာများ၌ ဆောင်ရွက်ရန်မှာ လောလောဆယ်အားဖြင့် နိုင်ငံတော်ဘတ်ဂျက် ငွေချွေတာသုံးစွဲနေပါသဖြင့် ကျောက်ရိုးစီခြင်း လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ နေ့လည်စာသုံးဆောင်ဖို့အတွက် အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂း၀၅)နာရီတွင် ရပ်နားပြီး(၁၃း၀၅)နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ။** ။ နေ့လည်ပိုင်း ခွင့် (၁၅)ဦး ရှိပါတယ်။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် ဒီမိုကရေစီ အစည်းအဝေး။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးညွှန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ UN ကိုယ်စားလှယ်နဲ့ တွေ့ဆုံရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဌင်းအတိုင်း။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ဌင်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း၊ တပ်မတော်၊ ဌင်းအတိုင်း။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ဌင်းအတိုင်း။

ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ၎င်းအတိုင်း။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ၎င်းအတိုင်း။ ဦးကော်ရိုင်း၊ ကယား(၉)၊ ၎င်းအတိုင်း။ ဦးစိုင်းဝင်မောင်၊ ရှမ်း(၅)၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ၎င်းအတိုင်း ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်သုံးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၈။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။

ဒီကနေ့ ကျွန်တော် ဆွေးနွေးမယ့် ဥပဒေကြမ်းကတော့ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ကျွန်တော်ဆွေးနွေးရတဲ့ အကြောင်းကတော့ နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမရှိသမျှ ကာလပတ်လုံး နိုင်ငံရေး သဘောထားကွဲလွဲမှု၊ လူမျိုးရေးသဘောထားကွဲလွဲမှု၊ ကွဲလွဲပြီး ပဋိပက္ခဖြစ်မှုစတဲ့ ပဋိပက္ခများနှင့် ကြုံနေရပြီး သာယာဝပြောသော ထာဝရငြိမ်းချမ်းရေးကို ရောက်ဖို့ခက်ခဲမယ်လို့ ကိုယ်ပိုင်ယုံကြည်ချက် ရှိပါတယ်။

ဒါကြောင့် ကျွန်တော်တို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီးပွားရေးကို အလေးအနက် တိုးတက်ရမယ်လို့ခံယူပြီး ကြိုးစားရမှာဖြစ်ပါတယ်။ တကယ်တော့ နိုင်ငံဖွံ့ဖြိုးတိုးတက်တယ်ဆိုတဲ့ နေရာမှာ နိုင်ငံတော်က ချမ်းသာပြီး ပြည်သူတွေ ဆင်းရဲနေလို့မရပါဘူး။ ပြည်သူတစ်ဦးချင်း ဝင်ငွေမြင့်မား တိုးတက်ရမယ်။ တစ်မိသားစုလုံး စီးပွားရေးတိုးတက်ရမယ်။ ပြီးမှတစ်မြို့လုံး၊ တစ်ပြည်နယ်လုံး၊ နိုင်ငံတစ်ခုလုံး တိုးတက်ရမယ်။ ဒါမှကျွန်တော်တို့နိုင်ငံဟာ အဆင်းရဲဆုံး နိုင်ငံအဖြစ်မှ ရုန်းထွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဟာ သိပ်အရေးကြီးတယ်လို့ ခံယူမိပါတယ်။ ဒါကြောင့် ဒီဥပဒေကို အလေးအနက်ထောက်ခံ ကြိုဆိုရင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒီဥပဒေကြမ်းကို ကျွန်တော်က အထပ်ထပ်အခါခါဖတ်ပါတယ်။ အနည်းဆုံး(၁၀)ကြိမ်ထက် မနည်းဖတ်ပါတယ်။ ယခင်ပေးထားတဲ့ ဥပဒေကြမ်းရဲ့ အားနည်းချက်တွေကို ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာန၊ စက်မှုကုန်ထုတ်အသင်းအဖွဲ့များနဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီး ပြင်ဆင်ရေးဆွဲခဲ့တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပင်ပန်းမှု၊ လေ့လာရမှု အခက်အခဲများကို မှန်းဆမိသလို ကျေးဇူးလည်း အထူးတင်ပါတယ်။ ဒါပေမဲ့ယခုဥပဒေကြမ်းမှာလည်း အားနည်းချက်အချို့ကို ကျွန်တော့် အတွေ့အကြုံ ဗဟုသုတနဲ့ ယှဉ်ပြီး၊ ပြင်ဆင်လို၊ ဖြည့်စွက်လိုတဲ့အတွက် ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် Power Point နဲ့ တင်ပြတဲ့ အချက်တွေကို စဉ်းစားပေးစေချင်ပါတယ်။

ကျွန်တော်သည် စီးပွားရေးပညာရှင်၊ ဥပဒေပညာရှင် မဟုတ်တဲ့အတွက် ကျွန်တော့်တင်ပြချက်များ မှားတယ်ဆိုရင် ကျွန်တော်ကို ဥပဒေကြမ်းကော်မတီနဲ့ ကြားနာတဲ့အခါ ပြန်လည်တည့်မတ်ပေးဖို့ ထိုသို့တည့်မတ်ပေးတာကိုလည်း ကျေနပ်စွာခံယူပါ့မယ်လို့ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဆုံး တင်ပြချင်တဲ့အချက်၊ အရေးကြီးဆုံးအချက်ကတော့ ဥပဒေရဲ့ပုဒ်မ ၂(က) အသေးစား စီးပွားရေးလုပ်ငန်း ဆိုသည်မှာဆိုတဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ ဒီပုဒ်မခွဲမှာ လုပ်ကိုင်တဲ့ စီးပွားရေးလုပ်ငန်းအပေါ် မူတည်ပြီး အပိုဒ်ခွဲ(၁)မှ (၆)အထိ အဓိပ္ပါယ်ဖွင့်ဆိုထားပါတယ်။ အထူးသဖြင့် ကျွန်တော်ဆွေးနွေး လိုတာကတော့ အထိရှိသောဟူသော စကားရပ်ဖြစ်ပါတယ်။ အထိရှိသောဆိုတဲ့ အမြင့်ဆုံးရှိသော အခြေအနေဆိုတာရှိရင် အနိမ့်ဆုံးအခြေအနေဆိုတာ ရှိရပါမယ်။

ဥပမာ-အလတ်စားစီးပွားရေးလုပ်ငန်းမှာတော့ ကျပ်သန်း(၅၀၀)အထက်မှ ကျပ်သန်း (၁၀၀၀) အထိလို့ပါရှိတဲ့အတွက် ရှင်းပါတယ်။ ကျွန်တော်ဘာကြောင့် အသေးစားကို အဓိကဆွေးနွေးနေရ သလဲဆိုရင် လူတစ်ဦးချင်းစီဝင်ငွေတိုးဖို့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ရှိနေပါတယ်။ ဒီအိမ်တွင်း မိသားစု စီးပွားရေးလုပ်ငန်းများဟာ အသေးစားစီးပွားရေးလုပ်ငန်းများမှာ ပါ ပါသလား။ မပါဘူးလား။ ဒါအဓိကဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဥပဒေကြမ်းစာမျက်နှာ(၁၂)၊ ပုဒ်မ ၂၃ မှာ အခွင့်အရေးတွေကို ခံစားခွင့်ရဖို့လိုတာကြောင့်ဖြစ်သလို စာမျက်နှာ (၁၀)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ឃ)မှာ အေဂျင်စီနဲ့ ရုံးခွဲများ၏ လုပ်ငန်းတာဝန်မှာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှ တိုးတက်ပြောင်းလဲမှုများကိုတင်ပြရန် ပျက်ကွက်ပါက လိုအပ်သလိုအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် လမ်းညွှန်ခြင်း လို့လည်း ပါနေပါတယ်။

ဒါကြောင့် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ဥပမာ-တွင်ခုံလုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ ယက်ကန်းလုပ်ငန်းစတဲ့ မိသားစုတစ်ပိုင်တစ်နိုင်မှသည် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖြစ်လာနိုင်မယ့် လုပ်ငန်းတွေအတွက် ဤဥပဒေကအကျုံးဝင်ပါသလား။ ဒါကြောင့် အခြေခံဘယ်လောက်ကစပြီး၊ ဘယ်အထိလုပ်ငန်းကို အသေးစားလုပ်ငန်းလို့ သတ်မှတ်မှာလဲ။ မှတ်ပုံတင်တဲ့ လုပ်ငန်းတိုင်း အသေးစား သတ်မှတ်ရင်တော့ ဤဥပဒေအရရရှိမယ့် အခွင့်အရေးများမရမီ စည်ပင်ဥပဒေ၊ ပြည်တွင်းအခွန်ဦးစီးဌာနရဲ့ ဝင်ငွေခွန်၊ စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းအခွန်၊ အလုပ်သမားဝန်ကြီးဌာနမှ အခွန်များဖြင့် အိမ်တွင်းမှု လုပ်ငန်းများဟာ ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ရဲတော့ဘဲ မှတ်ပုံမတင်ပဲ ခိုးလုပ်နေကြပါမယ်။

ဒါကြောင့် ဤဥပဒေဟာ အသေးစားလုပ်ငန်းနဲ့ အိမ်တွင်းမှုလုပ်ငန်းများကို ခွဲမလား။ ပေါင်းပြီး အခြေခံလုပ်သား (၁)ဦးမှ (၅၀)ဦး၊ မတည်ရင်းနှီးငွေ (၁)ကျပ်မှ သန်း(၅၀၀)အထိ သတ်မှတ်မည်လားဆိုတာ ဥပဒေမှာ ပေါ်လွင်စေချင်ပါတယ်။ ဒါကြောင့် အသေးစားစီးပွားရေးလုပ်ငန်းမှာ အိမ်တွင်း

မှ စီးပွားရေးလုပ်ငန်းတွေ ပါသလား။ ပါရင် မှတ်ပုံတင်ရမယ်။ အခွန်တွေ ဆောင်ရမယ်။ အကျိုးခံစားခွင့်တွေကိုလည်း ရအောင်လုပ်ပြီး၊ အိမ်တွင်းမှုမှသည် အသေးစား၊ အလတ်စားလုပ်ငန်းများဖြစ်အောင် လုပ်စေချင်ပါတယ်။ မပါဘူးဆိုရင်လည်းမှတ်ပုံမတင်၊ အခွန်လည်းသတ်မှတ်ဘောင်အတွင်းမှ ကင်းလွတ်ခွင့်ရစေချင်ပါတယ်။ မိသားစုတစ်ဝမ်းတစ်ခါးပဲ လုပ်စေချင်ပါတယ်။ ဒါကြောင့် အမြဲတမ်းအလုပ်သမား (၆)ဦးမှ(၅၀)ဦးထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေကျပ်(၁၀)သန်း၊ သိန်း(၁၀၀)မှ ကျပ်သိန်း (၅၀၀၀) အထိရှိသော လုပ်ငန်းစသည်ဖြင့် ဖော်ပြစေချင်တာ ဖြစ်ပါတယ်။

ဝင်ငွေခွန် ကင်းလွတ်ခွင့်ရသင့်တဲ့ လုပ်ငန်းတွေကို ရစေချင်ပြီး၊ ဝင်ငွေခွန်ဆောင်သင့်တဲ့ လုပ်ငန်းတွေကိုတော့ အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်ရင် ပိုကောင်းမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် Power Point နဲ့ ကျွန်တော်တင်ပြထားတဲ့ အမှတ်စဉ် (၁)၊ ပုဒ်မ ၂၊ အပိုဒ်ခွဲငယ်(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် အမြဲတမ်းဝန်ထမ်း(၅၀)ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း(၅၀၀)အထိရှိသော လုပ်ငန်းကို (၁) အမြဲတမ်းဝန်ထမ်း(၆)ဦးမှ (၅၀)ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်(၁၀)သန်းမှ ကျပ်သန်း(၅၀၀)အထိ ရှိသောလုပ်ငန်းလို့ ကျွန်တော်ပြင်ချင်ပါတယ်။ အလားတူပါပဲ ပုဒ်မခွဲငယ်(၂)မှာ အမြဲတမ်းဝန်ထမ်း (၃၀၀)ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း(၅၀၀)အထိရှိသော လုပ်ငန်းကို အမြဲတမ်းဝန်ထမ်း(၃၀)ဦးမှ (၃၀၀)ဦးအထိရှိသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်(၁၀) သန်းမှ ကျပ်သန်း(၅၀၀)အထိရှိသောလုပ်ငန်းလို့ ပြင်ချင်ပါတယ်။ အပိုဒ်ခွဲငယ်(၃) အမြဲတမ်းဝန်ထမ်း (၃၀၀)ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သောနှစ်တစ်နှစ်ဝင်ငွေ ကျပ်သန်း(၅၀၀)အထိရှိသောဆိုသည့် လုပ်ငန်းကို အမြဲတမ်းဝန်ထမ်း(၆)ဦးမှ (၃၀)ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သော နှစ်တစ်နှစ် ဝင်ငွေ ကျပ် (၂)သန်းမှ သန်း(၅၀၀)အထိရှိသော လုပ်ငန်း။ အပိုဒ်ခွဲငယ်(၄) အမြဲတမ်းဝန်ထမ်း (၃၀)ဦးအထိ ရှိသော သို့မဟုတ် လွန်ခဲ့သော နှစ်တစ်နှစ်ဝင်ငွေ ကျပ်သန်း(၅၀) အထိရှိသောဟူသော လုပ်ငန်းကို အမြဲတမ်းဝန်ထမ်း(၆)ဦးမှ (၃၀)ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သော နှစ်တစ်နှစ်ဝင်ငွေ ကျပ်(၂) သန်းမှ သန်း(၅၀၀)အထိရှိသောလုပ်ငန်း။ အပိုဒ်ခွဲငယ်(၅) အမြဲတမ်းဝန်ထမ်း(၅၀)ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သော နှစ်တစ်နှစ်ဝင်ငွေ ကျပ်သန်း(၁၀၀)အထိရှိသော လုပ်ငန်းကို အမြဲတမ်းဝန်ထမ်း (၆)ဦးမှ (၅၀)ဦးအထိရှိသော သို့မဟုတ် လွန်ခဲ့သော နှစ်တစ်နှစ်ဝင်ငွေ ကျပ်သန်း(၂)သန်းမှ သန်း (၅၀၀) အထိရှိသော လုပ်ငန်းလို့ ကျွန်တော်ပြင်ချင်ပါတယ်။

အဲဒီလို ပြင်မှသာလျှင် အမြင့်ဆုံးသတ်မှတ်ချက်နဲ့ အနိမ့်ဆုံးသတ်မှတ်ချက်ပါလာတဲ့အတွက် ကျွန်တော်တို့လုပ်ငန်းလုပ်ကိုင်တဲ့သူရော၊ ဒီလုပ်ငန်းကို မှတ်ပုံတင်ပေးရမယ့် သူတွေပါ အခက်အခဲမရှိ တင်နိုင်မှာဖြစ်ပါတယ်။ သို့မဟုတ်ရင် တစ်ကျပ်ကနေစတင်ပြီးတော့စဉ်းစားမယ်၊ ကျွန်တော်တို့ ဝန်ထမ်းတစ်ဦးကနေ စစဉ်းစားမယ်ဆိုရင် အခက်အခဲတွေ ရှိလာနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ နောက် ပုဒ်မ ၂(ဃ) ဖြစ်ပါတယ်။ အဲဒီ ပုဒ်မ ၂ (ဃ) မှာ စီးပွားရေးလုပ်ငန်းဆိုင်ရာအဖွဲ့ ဆိုသည်မှာ သက်ဆိုင်သည့် တည်ဆဲဥပဒေများအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းဆောင်ရွက်သူများ၏ အကျိုးအမြတ် မယူသော အသင်းအဖွဲ့ဆိုပြီးတော့ ဒါပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာလည်း လုပ်ငန်းဆောင်ရွက်သူများ၏ အကျိုးအမြတ်မယူသော အသင်းအဖွဲ့ဆိုတဲ့ စာသားဟာ နည်းနည်းထောက်နေပါတယ်။ ထောက်နေတဲ့ အတွက် ဘာကိုဆိုလိုတာလဲ ပထမ ကျွန်တော့်စိတ်ထင်တာကတော့ လုပ်ငန်းဆောင်ရွက်သူများထံမှ အကျိုးအမြတ်မယူသော အသင်းအဖွဲ့လို့ ကျွန်တော်စဉ်းစားလိုက်ပါတယ်။ သို့သော်ငြားလည်းပဲ

မသေချာတဲ့အတွက် အခန်း(၈) လုပ်ငန်းဆောင်ရွက်သူများ တာဝန်နဲ့အခွင့်အရေး ပုဒ်မ ၁၉မှ ၂၃ အရ ကို သေသေချာချာဖတ်ရှုပြီးမှ လေ့လာလိုက်တဲ့အခါကျတော့ ဒီအသင်းအဖွဲ့သည် တည်ဆဲဥပဒေများ အရ မှတ်ပုံတင်ထားသည့် လုပ်ငန်းဆောင်ရွက်သူများ ဖွဲ့စည်းထားတဲ့ အကျိုးအမြတ်မယူတဲ့ အသင်း အဖွဲ့ဆိုတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ '၏' အစားကို ဆောင်ရွက်သူများဖြင့်သာ ပါဝင်ဖွဲ့စည်းထား သည့် အကျိုးအမြတ်မယူသော အသင်းအဖွဲ့လို့ ကျွန်တော်ပြင်ဆင်ချင်တာ ဖြစ်ပါတယ်။

နောက် ပုဒ်မ ၈ (င) ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပမှ ငွေကြေး အကူအညီများ ရယူနိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်း များ ဘဏ်များနဲ့ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဒီအချက်က အင်မတန်မှကောင်းတဲ့အချက် ဖြစ်ပါ တယ်။ ဒီလိုကျွန်တော်တို့ ငွေအရင်းအမြစ်တွေ ရရှိမှလည်း ခုနတုန်းက အသေးစားလုပ်ငန်းတွေဟာ ဖွံ့ဖြိုးတိုးတက်လာမယ်၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေဖြစ်လာမယ်၊ အလတ်စားစီးပွားရေးလုပ်ငန်း တွေကနေပြီးတော့ အကြီးစားစီးပွားရေးလုပ်ငန်းတွေ ဖြစ်လာပြီးတော့ ပြည်သူရော၊ နိုင်ငံတော်ပါ ဖွံ့ဖြိုး တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ လက်ရှိဘဏ်များရဲ့ ချေးငွေချေးပေးရမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေ အချို့ကို ကျွန်တော် ဆွေးနွေးချင်ပါတယ်။ ဘဏ်အားလုံး မဟုတ်ပါဘူး။ သို့ရာတွင် တချို့ဘဏ်တွေမှာ ဖြစ်ပေါ်နေပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့ သာမန်အားဖြင့် ဘဏ်တွေဟာ ဝန်ဆောင်မှု ဆောင်ရွက်ခ (၃) ရာခိုင်နှုန်းယူကြပါတယ်။ (၃) ရာခိုင်နှုန်း ယူတဲ့အပေါ်မှာ သိန်း (၁၀၀)ရရင် (၃)သိန်း သိန်း(၂၀၀)ရှိရင် (၆)သိန်း သိန်း (၃၀၀)ရှိလို့ရှိရင် (၉)သိန်း အဲဒီလိုယူတဲ့အခါမှာ ငွေကနည်းပါတယ်။ နည်းတဲ့အခါကျတော့ ဒီကိစ္စကို သိပ်ပြီးတော့ မဆောင်ရွက်ပေးစေချင်ပါဘူး။ အကယ်၍ သိန်း (၂၀၀၀) (၃၀၀၀)၊ (၄၀၀၀) အဲဒီလိုချေးတဲ့ လုပ်ငန်းရှင်ကြီးတွေဆိုရင် အဲဒီမှာ ဘဏ်ချေးငွေ ပွဲစားတွေပါ ရှိနေပါ တယ်၊ ဘဏ်ချေးငွေ ပွဲစားတွေက အဲဒီလိုချေးတဲ့ပုဂ္ဂိုလ်တွေအတွက် အစအဆုံး ဘဏ်ကနေပြီးတော့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ညွှန်ကြားချက်တွေကိုအကုန်လုံး သူတို့ လိုက်လုပ်ပေးပါ တယ်။ လိုက်လုပ်ပေးပြီးတော့ အဲဒီအပေါ်ကနေ ရာခိုင်နှုန်းအကျိုးအမြတ်ယူပါတယ်။ အဲဒီလိုယူတဲ့အတွက် အဲဒီလိုချေးတဲ့ လူတွေသာလျှင် ဒါချေးရတာမျိုး ဖြစ်နေပြီးတော့မှ ခုနကလို အသေးစားလုပ်ငန်းကို တကယ်လုပ်ပြီးတော့မှ၊ တကယ်ငွေလိုပြီးတော့မှ၊ တကယ်ချေးချင်တဲ့လူတွေအတွက်က အင်မတန်မျက်နှာ ငယ်ရပြီး စိစစ်ခြင်းကို ခံရမယ့်သဘော ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဥပဒေသာပြဋ္ဌာန်းပြီးသွားရင် ဒီဥပဒေမှာ အဲဒီကော်မတီကနေပြီးမှ ကိစ္စ တွေကို ချိတ်ဆက်ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပိုပြီးတော့မှ အဆင်ပြေလာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တဲ့အတွက် ကျွန်တော် ဒီအချက်ကို အလေးအနက် ထောက်ခံပြီးတော့ ကျွန်တော် ဆွေးနွေးတာ ဖြစ်ပါတယ်။ နောက် ပုဒ်မ ၁၁ ပါ လုပ်ငန်းသုံးသပ်မှုမှ အစီရင်ခံရေး ဦးစီးဌာနသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ပုံငွေစီမံခန့်ခွဲမှု အဖွဲ့နှင့် အကြံပေးအဖွဲ့တို့၏ ရုံး လုပ်ငန်းကိုလည်း ဆောင်ရွက်ရမည်လို့ ပါပါတယ်။

အဓိက ကျွန်တော် အကြံပေးအဖွဲ့နဲ့ပတ်သက်ပြီး တင်ပြချင်တာဖြစ်ပါတယ်။ ပုဒ်မ ၃၆ မှာ ထပ် ချီးမြှင့်ငွေနဲ့ စရိတ်များ ပေးထားတာကိုလည်း ပေးမယ်လို့ ရေးဆွဲထားတာကိုလည်း ကျွန်တော်တွေ့ရ ပါတယ်။ အဲဒီအပြင်ကို အကြံပေးအဖွဲ့နဲ့ပတ်သက်ပြီးတော့မှ မူဝါဒလည်း ကျွန်တော်တို့ချမှတ် ပေးထား

ပါတယ်။ သို့သော်ငြားလည်းပဲ ဒီအကြံပေးအဖွဲ့ကိုဘယ်လိုဖွဲ့စည်းမယ်၊ ဘာတာဝန်တွေ ထမ်းဆောင်ရမယ်ဆိုတဲ့ဟာ ဒီဥပဒေမှာ ရှင်းရှင်းလင်းလင်း မတွေ့ရပါဘူး။ မတွေ့ရတဲ့အတွက် အကြံပေးအဖွဲ့ကို ဘယ်လိုဖွဲ့မှာလဲ၊ အကြံပေးအဖွဲ့က သူတာဝန်ထမ်းဆောင်ရမယ့် တာဝန်တွေက ဘာတွေလဲဆိုတာ ရှင်းရှင်းလင်းလင်း ဖော်ပြသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။

နောက်ဆုံးကျွန်တော် တင်ပြမယ့်အချက်ကတော့ ပုဒ်မ ၁၅ ဖြစ်ပါတယ်။ ပုဒ်မ ၁၅ မှာ အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာ နယ်မြေအတွင်းရှိ တစ်နေရာတည်းတွင် ဝန်ဆောင်မှု ပေးသည့် အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ခံရမည်လို့ဆိုထားတဲ့အတွက် သက်ဆိုင်ရာ နယ်မြေအတွင်းရှိ တစ်နေရာတည်းတွင်ဆိုတဲ့ စကားဟာ စာသားက နည်းနည်းထောက်နေသလို ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီစာသားကို ကျွန်တော်သေချာလေ့လာလိုက်တော့ 'ရှိ'ဆိုတဲ့ တစ်လုံးကိုဖြုတ်လိုက်မယ်ဆိုရင် အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာနယ်မြေအတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ခံမည်ဆိုတဲ့ စကားရပ်က ရှင်းရှင်းလင်းလင်း ဖြစ်တယ်လို့ ကျွန်တော်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် 'ရှိ' ဆိုတဲ့ စကားရပ်ကို ကျွန်တော် ဖြုတ်ချင်ပါတယ်။ အဲဒီတော့ ကျွန်တော် နိဂုံးချုပ် ပြောချင်တာကတော့ ဒီဥပဒေသည် ကျွန်တော်တို့နိုင်ငံအတွက် မရှိမဖြစ် လိုအပ်ပြီးတော့မှ ဒါ နိုင်ငံတော်ကလည်း စေတနာ ထားပြီးတော့မှ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အတွက်၊ ပြဋ္ဌာန်းပေးတဲ့အတွက်၊ ဒီဥပဒေကို တင်ပြလာတဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ ဒီဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီဆိုရင် အသေးစား၊ အလတ်စား၊ စီးပွားရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်၊ ပြီးလို့ရှိရင် အဲဒီဖွံ့ဖြိုးတိုးတက်လာပြီးတော့မှ ပြည်သူတွေချမ်းသာလာမယ်၊ ကျွန်တော်တို့တိုင်းပြည် ချမ်းသာလာမယ်ဆိုတဲ့ အချိန်ကျလို့ရှိရင် ကျွန်တော်တို့ အဆင်းရဲဆုံးနိုင်ငံဖြစ်နေတဲ့ အခြေအနေကနေ ရုန်းထွက်နိုင်မှာဖြစ်ပါတယ်လို့ တင်ပြရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၁။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအပေါ် အကြံပြုတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကနေပြီးတော့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို ပြည့်ပြည့်စုံစုံ ပြုစုတင်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ်ကိုပဲ အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဆုံးအချက် Power Point နဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဆုံးအချက်အနေနဲ့ ဥပဒေပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက် အဲဒီမှာ ပုဒ်မ ၃ (က)(ခ)(ဂ) ဆိုပြီးတော့ (၃)ချက်ပါဝင်ပါတယ်။ (ဃ) အနေနဲ့ အချက် တစ်ချက်အနေနဲ့ ကျွန်တော် ဖြည့်စွက်ရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃ (ဃ)ဟာ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ မရှိစေရန် ဆိုပြီးတော့ ဒါလေးကို ဖြည့်စွက်ဖို့ အကြံပြုပါတယ်။ ဒါဟာဘာလို့လဲဆိုတဲ့ အခါကျတော့ လုပ်ငန်းများ ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ပြီးတော့ ဖြည့်စွက်ပေးဖို့ တင်ပြတာ ဖြစ်ပါတယ်။ နောက် ပုဒ်မတစ်ခုက ပုဒ်မ ၄ (စ) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်မှာ စီးပွားရေး လုပ်ငန်းရှင်များကို ဆန်းသစ်တီထွင်သည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရေးဆိုပြီးတော့ တင်ပြထားပါတယ်။ ကုန်စည်များနှင့်ဝန်ဆောင်မှု ဆိုတဲ့နေရာမှာ ဝန်ဆောင်မှုဆိုတာ ပါလာတာ ဖြစ်ပါတယ်။ ဝန်ဆောင်မှု ပါလာတဲ့အတွက်ကြောင့်မို့လို့ ထုတ်လုပ်ရေးတစ်ခုတည်းနဲ့ မလုံလောက်ဘူး။ ဖော်ဆောင်ရေးပါ ထည့်သင့်တယ်လို့ ယူဆတဲ့အတွက် ကျွန်တော့်အနေနဲ့ စီးပွားရေးလုပ်ငန်းရှင်များကို ဆန်းသစ်တီထွင်သည့် ကုန်စည်များနှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ဖော်ဆောင်ရေးဆိုပြီးတော့ ဒီလို တင်ပြထားတာဖြစ်ပါတယ်။ ပုဒ်မ ၆(ဃ)ဖြစ်ပါတယ်။ ဒါကတော့ ကျေးလက်ဒေသအထိဆိုတဲ့ စကားလုံးကို ဒါဝါကျအထားအသို ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ပုဒ်မ ၆ ( င) ပုဒ်မ ၆ ဟာ ဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက အတည်ပြုချက်မှာ အေဂျင်စီ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးဦးစီးဌာနတို့အား ဖွဲ့စည်းခွင့်ပြုခြင်းလို့ ဒါဖော်ပြထားပါတယ်။ အဲဒီမှာ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးဦးစီးဌာန ဆိုတဲ့နာမည်ဟာ အဲဒီတော့ ဒီဟာက ဌာနတစ်ခုရဲ့ လုပ်ငန်းတာဝန်ကို ဖော်ပြနေသလို ဖော်ညွှန်းနေသလို ဖြစ်နေပါတယ်။ သူ့ရဲ့ဌာနရဲ့ လုပ်ငန်းတာဝန်များဟာလည်း သုံးသပ်ရေးအပြင် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နဲ့ အကြံပေးအဖွဲ့တို့ရဲ့ ရုံးလုပ်ငန်းတာဝန်များကိုလည်း သူက ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီကုမ္ပဏီတွေရဲ့ စာရင်းဇယားတွေ၊ စာရင်းအင်း Data တွေကိုလည်း လိုအပ်ရင်ထိန်းသိမ်းထားရမယ့် အနေအထားမျိုးရှိမယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းသုံးသပ်ရေး အစီရင်ခံရေးဦးစီးဌာနအစား အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလို့ နာမည်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

နောက်တစ်ခုက နောက်ဆုံးမှာ ဖွဲ့စည်းခွင့်ပြုခြင်းဆိုတဲ့ အပိုဒ်ဖြစ်ပါတယ်။ အဲဒီတော့ ဦးစီးဌာနကို ဖွဲ့စည်းဖို့က ပုဒ်မ ၉ မှာ သက်ဆိုင်ရာ တာဝန်ခံ ဝန်ကြီးဌာနကသာ ပြည်ထောင်စု အစိုးရရဲ့ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမှာလို့ ဒီလိုဖော်ပြထားပါတယ်။ အဲဒီတော့ ဒီမှာ ဗဟိုကော်မတီက ခွင့်ပြုခြင်း ဆိုတာ ပါနေတယ်။ အဲဒီတော့ ဒီဟာလည်း မဆီလျော်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ခွင့်ပြုခြင်းအစား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပေးခြင်းလို့ ဒါအကြံပြုတင်ပြထားခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၈(ခ) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုခြင်းမှာ ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် စီးပွားရေးဈေးကွက်များဆိုပြီးတော့ ဖော်ပြထားပါတယ်။

ကျွန်တော်က ပြည်ပဈေးကွက်များအထိ လက်လှမ်းမီနိုင်ရန် ပြည်တွင်းပြည်ပဟု ထပ်ဖြည့်ပြင်ဆင်ထားပါတယ်။ ပုဒ်မ ၉ ဖြစ်ပါတယ်။ ဒါကတော့ ဦးစီးဌာနအမည်ကို ပြောင်းထားတဲ့အတွက်ကြောင့်မို့လို့ ဒါ ဦးစီးဌာနအမည် ပြောင်းလဲတာကို ဖော်ပြတာဖြစ်ပါတယ်။ ပုဒ်မ ၁၀ ကလည်း ဦးစီး

ဌာနအမည်ပြောင်းလဲတာကို ဖော်ပြတာဖြစ်ပါတယ်။ ပုဒ်မ ၁၀(ဆ) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အတည်ပြုချက်မှာ လုပ်ငန်းသုံးသပ်ချက်များနှင့် သက်ဆိုင်သည့် အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့တင်သွင်းခြင်းနှင့် အများပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်းလို့ ဖော်ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနရဲ့ အတည်ပြုချက်ရပြီးမှသာ လုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီကို တင်ပြခြင်းက ပိုမိုဆီလျော်ထိရောက်နိုင်မယ်လို့ ယူဆတဲ့အတွက်ကြောင့် ပထမအကြံပြုချက်မှာ လုပ်ငန်းအစီရင်ခံစာများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် လုပ်ငန်းကော်မတီ မှတစ်ဆင့် ဗဟိုကော်မတီသို့ အစီရင်ခံတင်ပြခြင်းနှင့် အများပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်းလို့ အကြံပြုတင်ပြထားပါတယ်။ ပုဒ်မ ၁၁ ဖြစ်ပါတယ်။ ဒါကတော့ ဦးစီးဌာနအမည်ပြောင်းလဲခြင်း ဖြစ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ Power Point ထဲမှာ မပါ ပါဘူး။ ဒါကတော့ ဖြည့်စွက်တင်ပြချက် ပုဒ်မ ၁၂ ဟာ လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၁၂ မှာ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဖော်ပြပြီးတော့ အောက်မှာ (က)(ခ)(ဂ)ဆိုပြီးတော့ သူ့ရဲ့ လုပ်ငန်းတာဝန်တွေကို ဖော်ပြထားပါတယ်။

အဲဒီတော့ ပုဒ်မ ၁၂(ခ)အပိုဒ်မှာ အပိုဒ်ရဲ့ ဖော်ပြချက်ဟာ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးက အေဂျင်စီ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့် ဖြစ်သည်ဟု ဒါ မှတ်ယူရမည်ဟု ဖော်ပြထားပါတယ်။ သမ္မတက အေဂျင်စီဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌကို တိုက်ရိုက်တာဝန်ပေး ခန့်အပ်ထားပြီး ဖြစ်တဲ့အတွက် လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ထပ်ယူရန် မလိုတော့ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၁၂(ခ)ကို ပုဒ်မတစ်ခုအနေနဲ့ သီးသန့်ပြင်ဆင်ရေးသင့်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းသန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၀။**

**ဗိုလ်မှူးမျိုးမင်းသန့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင် အမှတ် ကြည်း ၃၃၅၆၅ ဗိုလ်မှူးမျိုးမင်းသန့် ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ) (ဃ)(ဈ)(တ) အခန်း(၄) ပုဒ်မ ၆ ပုဒ်မခွဲ (ဠ) အခန်း(၅)ပုဒ်မ

၉ ပုဒ်မ ၁၀ ပုဒ်မခွဲ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ) ပုဒ်မ ၁၁ အခန်း(၆)ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မ ၁၃ အခန်း(၇) ပုဒ်မ ၁၆ အခန်း(၈) ပုဒ်မ ၂၃ ပုဒ်မခွဲ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ) အခန်း(၁၄) ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၂ တို့ကို အပြုသဘောဖြင့် အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)တွင် လုပ်ငန်းဆောင်ရွက်သူဆိုသည်မှာ နိုင်ငံသား သို့မဟုတ် နိုင်ငံသားများသာ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းအပြင် စီးပွားရေးလုပ်ငန်းဖြင့်သော်လည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းဖြင့် သော်လည်းကောင်း၊ အသေးစား စီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စား စီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း နှစ်ရပ်စလုံးကိုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်သူ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းကိုဆိုသည်ဟု ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

အဓိပ္ပာယ် ဖော်ပြချက် ရေးသားမှု ရှင်းလင်းလွယ်ကူစေရန် ပြင်ဆင်လိုခြင်း ဖြစ်ပါသည်။ အခန်း(၁)ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ကို စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်သူများက တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်ထားသည့် အကျိုးအမြတ် မယူသော အသင်းအဖွဲ့ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း တစ်ဆင့်ခံ အဖွဲ့အစည်းနှင့် အဖွဲ့တစ်ခုကို ဆိုသည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ အဓိပ္ပာယ်ဖော်ပြချက် ရှင်းလင်းလွယ်ကူစေရန် ပြင်ဆင်လိုခြင်း ဖြစ်ပါသည်။ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)ကို အေဂျင်စီရုံးခွဲများ ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနဲ့ ပြည်ထောင်စုနယ်မြေတို့တွင် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက ဖွင့်လှစ်ထားသော ရုံးခွဲများကို ဆိုသည်ဟု ဖြည့်စွက်လိုခြင်း ဖြစ်ပါသည်။

ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်လိုခြင်း ဖြစ်ပါသည်။ အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(တ)တွင် စွန့်ဦးတည်ထွင်မှု ဆိုသည်မှာ ဈေးကွက်ဝင် ပိုမိုအသုံးတဲ့သော နည်းပညာ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနဲ့ ဝန်ဆောင်မှု များကို ဆန်းသစ်တည်ထွင် ဖန်တီးနိုင်မှုကို ဆိုသည်ဟု ပြင်ဆင်လိုခြင်း ဖြစ်ပါသည်။ ဆန်းသစ်အသုံးမှုကို ပယ်ဖျက်လိုခြင်း ဖြစ်ပါသည်။ အခန်း(၁၃)ခေါင်းစဥ်တွင် စွန့်ဦးတည်ထွင်မှု ပုဒ်မ ၂၈ တွင် စွန့်ဦးတည်ထွင်သော လုပ်ငန်းရှင်များဟု သုံးနှုန်းထားပြီး ဆန်းသစ်အသုံးပြုမှုဆိုသည့် အသုံးအနှုန်းကို သုံးနှုန်းထားခြင်းမရှိ၍ အခန်း(၁၃) ခေါင်းစဥ်နှင့် ပုဒ်မ ၂၈ တို့နှင့်အညီ ဖြစ်စေရန် ပယ်ဖျက်လိုခြင်း ဖြစ်ပါသည်။ အခန်း(၄) ပုဒ်မ ၆ ပုဒ်မခွဲ (ဋ)တွင် အေဂျင်စီ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့တို့အား ဖွဲ့စည်းခွင့်ပြုခြင်းဟု ပြင်ဆင်လိုပါသည်။

လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးဦးစီးဌာနကို ပယ်ဖျက်လိုခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဦးစီးဌာနတစ်ခု ဖွင့်လှစ်ရမည်ဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဥပဒေပြဋ္ဌာန်းရန် ဖြစ်ပါသည်။ သီးခြားဌာနဆိုပါက ဖွဲ့စည်းပုံဝန်ထမ်းအင်အားနှင့် လစာစရိတ်သတ်မှတ် ပေးရမည် ဖြစ်ပါသည်။ ပုဒ်မ ၁၀ ပါ လုပ်ငန်းသုံးသပ်ရေး အစီရင်ခံမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဤဥပဒေပါ အခြားအဖွဲ့အစည်းများကို သတ်မှတ်တာဝန်ပေးနိုင်ပါသည်။ အခန်း(၅) ပုဒ်မ ၉ ကို ပယ်ဖျက်သင့်ပါသည်။ ပုဒ်မ ၆ ပုဒ်မခွဲ (ဋ) တွင် ရှင်းလင်းပြီး ဖြစ်ပါသည်။ အခန်း(၅)ပုဒ်မ ၁၀ လုပ်ငန်း သုံးသပ်မှု အစီရင်ခံရေး ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်ဆိုသည့် စာသားကို ပယ်ဖျက်လိုပါသည်။

လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေး ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ) အား လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ အား ပုဒ်မ ၈ ပုဒ်မခွဲ (ဌ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(က)(ဂ)(ဃ)(င)(စ)နှင့် (ဆ)တို့အား အေဂျင်စီ၏ လုပ်ငန်းတာဝန်များ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဏ)(တ)(ထ)(ဒ)(ဓ)(န)အဖြစ်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းလိုပါသည်။ အခန်း(၅)၊ ပုဒ်မ ၁၁ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးဦးစီးဌာနသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ အကြံပေးအဖွဲ့တို့၏ ရုံးလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်ဟု ပယ်ဖျက်လို ခြင်း ဖြစ်ပါသည်။ ပုဒ်မ ၆ ပုဒ်မခွဲ (ဋ)တွင် ရှင်းလင်းထားပြီး ဖြစ်ပါသည်။ အခန်း(၆) ပုဒ်မ ၁၂ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် (က) သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် သင့်လျော်သည့် ပုဂ္ဂိုလ်များ ပါဝင်သည့် အေဂျင်စီ ဒါရိုက်တာ အဖွဲ့ကို ဖွဲ့စည်းရမည်ဟု အေဂျင်စီဒါရိုက်တာအဖွဲ့သည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်ရမည်ဟု ဖြည့်စွက်လိုခြင်း ဖြစ်ပါသည်။ အေဂျင်စီ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပုဒ်မ ၁၃ တွင် သတ်မှတ်ထားပါသည်။ အေဂျင်စီ ၏ လုပ်ငန်းတာဝန်များကို ပုဒ်မ ၂၄ ၂၅ ၂၆ ၂၇ ၂၈ ၂၉ ၃၁ တို့တွင် ဖော်ပြထားပါသည်။ အေဂျင်စီ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အေဂျင်စီ၏ လုပ်ငန်းတာဝန်များသည် ရောထွေးနေသဖြင့် ရှင်းလင်းလွယ်ကူစေရန် ဖြည့်စွက်လိုခြင်း ဖြစ်ပါသည်။ အခန်း (၆) ပုဒ်မ ၁၃ အေဂျင်စီ၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်ဟု ပြင်ဆင်လိုပါသည်။ ဒါရိုက်တာအဖွဲ့ဆိုသည့် စာသား ကိုပယ်ဖျက်လိုခြင်း ဖြစ်ပါသည်။ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် အေဂျင်စီဒါရိုက်တာအဖွဲ့သည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူ ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ဖော်ပြထားပြီး ဖြစ်ပါသည်။

အခန်း(၇) ပုဒ်မ ၁၆ကို လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုစနစ်၊ သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ဗဟိုကော်မတီက တာဝန်ပေး အပ်သည့် အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ ဗဟို သတ်မှတ်ချက်များ နှင့်အညီဆိုသည့် စာသားကိုပယ်ဖျက်လိုခြင်းဖြစ်ပါသည်။ သတ်မှတ်ချက်များကို ဖော်ပြထားခြင်းမရှိ၍ဖြစ်ပါသည်။ သတ်မှတ်ချက်များနှင့်အညီဆိုသည့် စာသားအားထည့်သွင်းလိုပါက အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီဟု ဖော်ပြလျက် သတ်မှတ်ချက်များအားဖော်ပြသင့်ပါသည်။

ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဈ) တို့မှာ လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်များဖြစ်ပြီး၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) တို့မှာ ဆောင်ရွက်သူများ၏ အခွင့်အရေးဖြစ်ပါသည်။ တာဝန်နှင့် အခွင့်အရေး တစ်စုတစ်စည်းထဲ ဖြစ်စေရန် ပုဒ်မခွဲ(ဈ)အား ပုဒ်မခွဲ(ဂ)အဖြစ် ပြောင်းလဲအမှတ်စဥ် သင့်ပါ သည်။ အခန်း(၈)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဃ)ကို အခန်း၂၃၊ ပုဒ်မခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး နစ်နာသူများနှင့် နစ်နာမှုများနှင့် စပ်လျဥ်း၍ ညှိနှိုင်းဆောင်ရွက်မှုပေးရန်အတွက် အေဂျင်စီရုံးခွဲများမှ တစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်းဟု ပြောင်းလဲလိုခြင်းဖြစ်ပါသည်။ အရေးအသားချောမွေ့စေရန် နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် ကိုက်ညီစေရန် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ အခန်း၁၄၊ ပုဒ်မ ၃၀ ကို အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အေဂျင်စီ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ တစ်နေရာတည်းတွင်ပေးသည့် ဝန်ဆောင်မှုများနှင့် မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ငန်း လိုင်စင်ထုတ်ယူခြင်းနှင့် လိုအပ်သော ထောက်ခံချက်များ လျှောက်ထားခြင်းတို့ကို ပြုနိုင်သည်ဟု ပြင်ဆင် လိုခြင်းဖြစ်ပါသည်။ ပုဒ်မ ၃၀ အား ပုဒ်မ၂၉ နှင့်အညီဖြစ်စေရန် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။

အခန်း၁၄၊ ပုဒ်မ ၃၂ ကို သက်ဆိုင်ရာဝန်ကြီးဌာနများသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာထဲတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသော ဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများပေးအပ်၍ တစ်နေရာထဲတွင် ဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများပေးသောအဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်ဟု ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ အဓိပ္ပာယ်ရှင်းလင်းလွယ်ကူစေရန် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်သုံးဦးရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယှဉ်ပြိုင်မှုဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**ဦးအောင်ချိုဦး၊ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ယှဉ်ပြိုင်မှုဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၁၁၆

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ယှဉ်ပြိုင်မှုဥပဒေကြမ်းကို ၂၂ - ၄ -၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ၁၇ - ၇ - ၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၇ - ၇ - ၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော ပထမအကြိမ်၊ ဒသမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးစံပြည့်၊

ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)နှင့် ဦးမန်းကံညွန့်၊ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)တို့က အကြံပြု ဆွေးနွေးခဲ့ပါသည်။ ယင်းအကြံပြုချက်၊ ဆွေးနွေးချက်များအပေါ် ထပ်မံကြားနာလေ့လာ စိစစ်၍ အစီရင်ခံတင်ပြအပ်ပါသည်။

လေ့လာတွေ့ရှိချက်များ

၃။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီတို့သည် ၂၁-၇-၁၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီခဲ့ပါသည် -

(က) မူလဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင်ပါရှိသော စားသုံးသူများကိုဆိုသည့် စကားရပ်ကို စားသုံးသူများ၏အကျိုးကိုဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)တွင်ပါရှိသော တစ်ဦးတည်း လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၉၊ ပုဒ်မခွဲ( င)တွင်ပါရှိသော နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ဆိုသည့် စကားရပ်ကို နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၆ တွင်ပါရှိသော ယင်းတို့၏ဆိုသည့် စကားရပ်ကို ယင်းကုန်စည်၏ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ခ) မူလဥပဒေကြမ်း ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က) အရ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်သူသည် စုံစမ်းစစ်ဆေးရမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း သက်ဆိုင်သူမဖြစ်စေရဟု အသစ်ဖြည့်စွက်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ဂ) မူလဥပဒေကြမ်း ပုဒ်မ ၁၅ တွင် ဖော်ပြထားချက်များအစား အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ အခြေအနေကိုထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခုဖန်တီးခြင်းကို အကျိုးသက်ရောက်မှုရှိစေရန် ကော်မရှင်၏ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကိုဆောင်ရွက်နိုင်သည်။-

(က) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ပံ့ပိုးကူညီသူတို့နှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေဝယ်ယူခြင်း

(ဃ) မူလဥပဒေကြမ်း ပုဒ်မ ၃၉ တွင်ပါရှိသော ဖော်ပြထားချက်များအစား မည်သူမဆို စုံစမ်းစစ်ဆေးရေးအဖွဲ့က ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန်အတွက်

သက်သေခံ အထောက်အထား သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် ငွေရေးကြေးရေး အထောက်အထားတစ်ခုခုကို တောင်းယူရာတွင်ဖြစ်စေ၊ သက်သေအဖြစ်ခေါ်ယူမေးမြန်းရာတွင်ဖြစ်စေ၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေချမှတ်နိုင်သည်ဟု အစားထိုးသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(င) မူလဥပဒေကြမ်း ပုဒ်မ ၄၁၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့တွင်ပါရှိသော တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၄၃ တွင်ပါရှိသော သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့်စကားရပ်တို့ကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော်စေနိုင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂ တွင်ပါရှိသော ငါးနှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းခုနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်ကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့်လျော်ကြေးကို ပေးလျော်စေနိုင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၆ တို့တွင်ပါရှိသော သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဆိုသည့် စကားရပ်ကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော်စေနိုင်သည်ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(စ) မူလဥပဒေကြမ်း ပုဒ်မ ၄၆ ကို ပုဒ်မ ၄၄အဖြစ်ပြောင်းလဲအမှတ်စဥ်၍ ယင်းပုဒ်မ၏ နောက်တွင် ပုဒ်မ ၄၅ အဖြစ် မည်သူမဆို ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော်စေနိုင်သည်ဟု အသစ်ဖြည့်စွက်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

(ဆ) မူလဥပဒေကြမ်းပါ ပုဒ်မစဉ်များကိုလည်း ပြောင်းလဲအမှတ်စဉ်သင့်ကြောင်းနှင့် အထက်ပါပြင်ဆင်ချက်များမှအပ ကျန်ရှိသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကိုသဘောတူလက်ခံသင့်ကြောင်းသဘောထားရရှိ ခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယှဉ်ပြိုင်မှုဥပဒေကြမ်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး တို့နှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-
စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁)၊ အပိုဒ် ၁(က)၊ အပိုဒ် ၂(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ည)(ဋ)

၁။ (က) ဤဥပဒေကို စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည် -

(ဂ) ကော်မရှင်ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း ဆိုင်ရာ ယှဉ်ပြိုင်မှု ကော်မရှင်ကို ဆိုသည်။

(ဃ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီး ဌာနကိုဆိုသည်။

(င) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများအကြား မိမိတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူ အသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ ဈေးကွက် ဝေစု၊ ဈေးကွက်လွှမ်းမိုးနိုင်မှု ပိုမို ရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် ဆောင်ရွက်မှုကို ဆိုသည်။

(စ) ယှဉ်ပြိုင်မှုမူဝါဒဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုတစ်ရပ် ဖြစ်ထွန်း ပေါ်ပေါက်စေရေးနှင့် စားသုံးသူများ၏အကျိုးကို လက်ဝါးကြီးအုပ် ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီး မြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုး သက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သော မူဝါဒများကို ဆိုသည်။

(ဆ) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုကို ထိန်းချုပ်သော ဆောင်ရွက်ချက်ဆိုသည် မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို လျော့နည်းစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန် လုပ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များ၊ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲ သုံးစားမှုပြုခြင်းနှင့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီး အုပ် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ဇ) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက် ဆိုသည် မှာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက် စေနိုင်သော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဆောင်ရွက်ချက်များကို ဆိုသည်။

(ည) ကုန်စည်ဆိုသည်မှာ ဤဥပဒေအလို့ငှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း သို့မဟုတ် စားသုံးခြင်းပြုသော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေချေး သက်သေခံ အထောက်အထားများ၊ စတော့(ခ်)များနှင့် ရှယ်ယာများလည်း ပါဝင်သည်။

(ဋ) ဝန်ဆောင်မှုဆိုသည်မှာ ဤဥပဒေအလို့ငှာ အခကြေးငွေ သို့မဟုတ် အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့က ဝန်ဆောင်မှုဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁(က)၊ အပိုဒ် ၂(ဂ)(ဃ)(င) (စ)(ဆ)(ဇ) (ည)(ဋ)ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁(က)၊ အပိုဒ်၂(ဂ)(ဃ)(င)(စ) (ဆ)(ဇ) (ည)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၂)၊ အပိုဒ် ၃

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊

(ခ) ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ အပေါ်တွင် မျှတမှုမရှိသော ဈေးကွက် ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန်၊

(ဂ) ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစား ပြုခြင်းမှ တားဆီးနိုင်ရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့ကို ဥပဒေနှင့်အညီ ခွင့်ပြုနိုင်ရန်၊

(င) စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဂ)(င)(စ)(ဇ)

၄။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဈေးကွက်တွင် လွတ်လပ်၍မျှတသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဝန်းကျင် တစ်ရပ်ဖန်တီးပေးခြင်းအားဖြင့် ဒေသတွင်းနှင့် နိုင်ငံတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး၊

(ခ) ဈေးကွက်တွင်မျှတသော ယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှ ခံစားခွင့် ရရှိစေရေး၊

(ဂ) အများပြည်သူတို့၏ အကျိုးစီးပွားကို ဈေးကစားမှုပြုခြင်းဖြင့် ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊

(ဃ) လုပ်ငန်းနယ်ပယ်အသီးသီးတွင် လွတ်လပ်၍ မျှတသော စီးပွားရေး လုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ဖြစ်ထွန်း ပေါ်ပေါက်စေရေး၊

(င) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ၊ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများ အတွက် လွတ်လပ်စွာလုပ်ကိုင် ဆောင်ရွက်နိုင်သော စီးပွားရေးအသိုက်အဝန်း တစ်ခုအဖြစ် ဖွဲ့စည်း ဖြစ်ပေါ်လာစေရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ကွန်ယက်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊

(ဆ) ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သော စွမ်းရည်ကို အားပေးမြှင့်တင်ရေးဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က) (ခ)(ဂ)(င)(စ)(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)(င)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၄)၊ အပိုဒ် ၅(က)၊ အပိုဒ် ၆၊ အပိုဒ် ၇

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီး ဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သောပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင် စေလျက် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ကော်မရှင်ကို ဖွဲ့စည်း ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနမှခွင့်ပြုသော လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေကို ခံစားခွင့် ရှိစေရမည်။

၇။ ကော်မရှင်သည် နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ မိမိ တို့၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(က)၊ အပိုဒ် ၆၊ အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၅(က)၊ အပိုဒ် ၆၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၅)၊ အပိုဒ် ၈(က မှ ဍ အထိ)၊ အပိုဒ် ၉(က မှ ဆ အထိ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁

၈။ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို ကင်းလွတ်ခွင့် ပြုခြင်း၊

(ဂ) ကော်မတီများနှင့်လုပ်ငန်းအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ကော်မတီများနှင့်လုပ်ငန်းအဖွဲ့များမှ တင်ပြလာသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(င) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုကို ကန့်သတ်ရန်ခွင့်ပြုချက်ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့် ပုံစံ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြား စီးပွားရေး လုပ်ငန်းတစ်ခုက လွှမ်းမိုးမှု၊ ဝယ်ယူမှု၊ ရယူမှု (Acquisition) သို့မဟုတ် စီးပွားရေးလုပ်ငန်းများပေါင်းစည်းမှု (Merger)ကြောင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့်ပိုင်ဆိုင်သည့် ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်း၊

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ**။ ။ အင်္ဂလိပ်လိုဘာဖြစ်လို့ထည့်မှာလဲ။ ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံရဲ့ ဥပဒေပဲ။ မထည့်တော့မရှင်းဘူးလား။ အင်္ဂလိပ်လိုမထည့်ပါနဲ့နော်။ နောက်လည်းမှတ်ထားပါ။

(ဆ) လက်ဝါးကြီးအုပ်ဆောင်ရွက်သည်ဟု ကော်မရှင်ကယူဆသည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် ပိုင်ဆိုင်သည့်ပစ္စည်း ပမာဏတို့ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေး လုပ်ငန်းစုတစ်ခုသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကိုထိခိုက်နိုင်သည်ဟု ကော်မရှင်ကသတ်မှတ်ထားသော ဈေးကွက်ဝေစုပိုင်ဆိုင်မှုပမာဏထက် ကျော်လွန်လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်က ယူဆလျှင် ၎င်းစီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစု၏ ဈေးကွက်ဝေစုကို သတ်မှတ် ထားသည့် လုပ်ငန်းပမာဏသို့ လျှော့ချရန် ညွှန်ကြားခြင်း၊

(ဈ) လက်ဝါးကြီးအုပ်ချုပ်ကိုင်ရန်ရှိသည်ဟု ကော်မရှင်က ယူဆသည့် စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးဦး၏ ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ တားမြစ်ခြင်း၊

(ည) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ကော်မရှင်က သံသယရှိလျှင်သော်လည်းကောင်း၊ ခိုင်လုံသော တိုင်ကြားချက်ရရှိလျှင် သော်လည်းကောင်း စုံစမ်းစစ်ဆေးခြင်း၊

(ဋ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးဦးထံမှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို တောင်းဆိုခြင်း၊

(ဌ) စီးပွားရေးလုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှုနှင့် စပ်လျဉ်းသည့် လိုအပ်သော စုံစမ်းမေးမြန်းမှုများဆောင်ရွက်ရန် သက်သေများကို ခေါ်ယူမေးမြန်းခြင်း၊

(ဍ) စီးပွားရေးလုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန် လိုအပ်ချက်နှင့်အညီ ပညာရှင်များ၊ ကျွမ်းကျင်သူများကို ဖိတ်ခေါ် ဆွေးနွေးခြင်း၊

(ဎ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက်အထားများနှင့် ပစ္စည်းများကိုဖြစ်စေ စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဏ) စုံစမ်းစစ်ဆေးရေးအဖွဲ့က တင်ပြသော စုံစမ်းစစ်ဆေး တွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊

(တ) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုနှင့် သက်ဆိုင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သို့ အကြံပြု တင်ပြခြင်း၊

(ထ) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဒ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် လိုအပ်သော စီးပွားရေး လုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ဤဥပဒေအရ ကန့်သတ်ချက်များမှ လိုအပ်သလို ကင်းလွတ်ခွင့် ပြုနိုင်ခြင်း၊

၉။ ကော်မရှင်သည် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို အစိုးရအဖွဲ့သို့ အနည်းဆုံး သုံးလလျှင် တစ်ကြိမ် အစီရင်ခံ တင်ပြရမည်။

၁၀။ ထူးခြားသည့်အခြေအနေ ပေါ်ပေါက်ပါက ကော်မရှင်သည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈ (က မှ ဍ အထိ)၊ အပိုဒ် ၉(က မှ ဆ အထိ)၊ အပိုဒ် ၁၀ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈ (က မှ ဒ အထိ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၆)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃၊

၁၁။ ကော်မရှင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို -

(က) အဖွဲ့ဝင် အနည်းဆုံးငါးဦး၊ အများဆုံးကိုးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းတို့အနက်မှ သင့်လျော်သူ တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များသည် စီးပွားရေးပညာရပ်၊ ဥပဒေ ပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ်နှင့် သက်ဆိုင်ရာပညာရပ်များတွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သူသည် စုံစမ်းစစ်ဆေးရမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း သက်ဆိုင်သူမဖြစ်စေရဟု ဖြည့်စွက်ထားပါတယ်။

၁၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) စုံစမ်းစစ်ဆေးရေးကိစ္စရပ်များအတွက် လိုအပ်သည့် သက်သေခံ အထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေး အထောက်အထားများနှင့် ခိုင်လုံသော အကျိုး

အကြောင်းဖော်ပြချက်များ တောင်းယူ စစ်ဆေးခြင်း၊ လိုအပ်သော သက်သေများကို ခေါ်ယူမေးမြန်းခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင် ခိုင်လုံသော အကြောင်း ပြချက်မရှိဘဲ လိုက်နာရန်ပျက်ကွက်ပါက အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မရှင် မှတစ်ဆင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ တင်ပြခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် အခြား ပုဂ္ဂိုလ်၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက် ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်းတို့ကို ကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မရှင် သို့ တင်ပြခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃၊ ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၁(က)(ခ)(ဂ)၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း(၇)၊ အပိုဒ် ၁၄(ဃ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(ဃ)(င)(စ)

၁၃။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုဖြင့် ဈေးကွက် လက်ဝါး ကြီးအုပ် ဆောင်ရွက်မှုကို မပြုရ -

(ဃ) အခြားစီးပွားရေး လုပ်ကိုင်သူများကို ဈေးကွက်အတွင်း ဝင်ရောက်မလာနိုင်စေရန်၊ ဈေးကွက်ဝေစုကို ထိန်းချုပ်ရန်အလို့ငှာ ကုန်စည်နှင့် ဝန်ဆောင်မှုများ ရောင်းဝယ် ဖောက်ကားမှုပြုရာတွင် နယ်မြေဧရိယာ ထိန်းချုပ်ကန့်သတ်မှုပြုခြင်းဟု ဖြည့်စွက် ထားပါတယ်။

(င) အခြားသူ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် မတရားသဖြင့်ဝင်ရောက် စွက်ဖက် ခြင်း။

၁၄။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် အခြားစီးပွားရေး လုပ်ငန်းတစ်ခုခု၏ အခြေအနေကို ထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှု ရှိစေရန် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ပံ့ပိုးကူညီသူတို့နှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေး လုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှု ပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများ အားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊

၁၅။ ကော်မရှင်သည် စီးပွားရေးလုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှုကို ထိန်းချုပ်သည့် သဘောတူညီချက်များနှင့် စပ်လျဉ်း၍ စားသုံးသူတို့ကို စရိတ်လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်သည့် အောက်ပါ ကိစ္စရပ်တစ်ခုခုတွင် အကျုံးဝင်ပါက တိကျသောကာလတစ်ရပ် သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(ဃ) ဈေးကွက်ပေါက်ဈေးနှင့် ကိုက်ညီခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ကုန်စည်များ ဖြန့်ဖြူးခြင်းနှင့် ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီ ဖြစ်စေခြင်း၊

(င) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စီးပွားရေး လုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု စွမ်းအားကို မြင့်မားစေခြင်း၊

(စ) နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံစီးပွားရေး လုပ်ငန်းများ၏ စီးပွားရေးလုပ်ငန်း ဆိုင်ရာ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ်၁၄(ဃ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(ဃ)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၃ (ဃ)(င)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(ဃ)(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ်၁၇(စ)(ည)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ဂ)(င)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(ခ)(၁-၃)(ဃ)၊ အပိုဒ် ၂၄(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ (ခ)(ဃ)(စ)၊ အပိုဒ် ၂၈

အခန်း(၈) စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်ကို တားမြစ်ခြင်း

၁၆။ ဤဥပဒေအရ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်-

(စ) မျှတမှုမရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု အလို့ငှာကြော်ငြာခြင်း နှင့် အရောင်းမြှင့်တင်ခြင်း၊

(ည) ကော်မရှင်က စားသုံးသူများ၏ အကျိုးအတွက် လိုအပ်သည့်အခါတွင် သတ်မှတ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်ကိုပြုလုပ်ခြင်း။

၁၇။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ရာရောက်သည့် အောက်ပါ တို့ကို မပြုလုပ်ရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု၊ ပထဝီ ဒေသဆိုင်ရာ အညွှန်းများနှင့် အခြားအရာများကို အထင်အမြင်လွဲမှားမှုဖြစ်စေသည့် အချက်အလက်များကို အသုံးပြု၍ ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ အချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း စသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၈။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် အခြားစီးပွားရေး လုပ်ငန်းတစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ တို့ကို မပြုလုပ်ရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်းပြုလုပ်ရာတွင် အဆိုပါလျှို့ဝှက်ချက်များကို ဥပဒေအရ ပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် တာဝန်ရှိသူ၏ ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှုအပေါ် အခွင့်အရေး ရယူခြင်း၊

(င) အမျိုးသားလုံခြုံမှုဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

၂၀။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် အခြား စီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၂၂။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် တရားမျှတမှုမရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု အလို့ငှာ အောက်ပါ ကြော်ငြာလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ-

(ခ) သူတစ်ပါး၏ကုန်စည်နှင့် ဆင်တူယိုးမှား ကြော်ငြာခြင်းဖြင့် ကုန်စည်ဝယ်ယူသူတို့ကို သွေးဆောင်ဖြားယောင်းခြင်း၊

(ဂ) အောက်ပါ အကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူများသို့ ထုတ်ပြန်ခြင်း-

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင် ဖြားယောင်းသော အချက်အလက်များ၊

(ဃ) ဥပဒေအရ တားမြစ်ထားသည့် ကြော်ငြာလုပ်ငန်းများ။

၂၃။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် တရားမျှတမှု မရှိသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု အလို့ငှာ အောက်ပါ အရောင်းမြှင့်တင်ခြင်း လုပ်ငန်းများကို မပြုလုပ်ရ-

(ခ) တူညီသော အရောင်းမြှင့်တင်ရေး အစီအစဉ်တွင် ကုန်စည်ဝယ်ယူသူများကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အရောင်းမြှင့်တင်မှု နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၄။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် ခွဲခြားဆက်ဆံခြင်း ဖြစ်စေမည့် အောက်ဖော်ပြပါ အချက်များကို ဆောင်ရွက်ခြင်း မပြုလုပ်ရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခုကို မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသော်လည်း ဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ စီးပွားရေးလုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှုတွင် အဟန့်အတား ဖြစ်စေခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းတွင်ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၅။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် မိမိ၏ကုန်စည်ကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေး လုပ်ငန်းများ၏ စီးပွားရေး လုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းကုန်စည်၏ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်းမပြုရ။

၂၆။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် ဈေးကွက်အတွင်း အရှိန်အဝါဩဇာကို အလွဲသုံးစားပြု၍ အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက် ခြင်းမပြုရ-

(ခ) ဈေးကွက်ပေါက်ဈေးနှင့် ကိုက်ညီမှုမရှိသော ဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည် ရောင်းချသူများအပေါ် ရောင်းချရမည့် ဈေးနှုန်းသတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) မမျှတသော စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ဖြစ်ပေါ်စေရန်အလို့ငှာ တူညီသော ဈေးကွက်အတွင်း တစ်ပြေးညီမဟုတ်သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ခြင်း၊

(စ) ဈေးကွက်အတွင်းယှဉ်ပြိုင်သူ အသစ်များဝင်ရောက်လာခြင်းကို မတရားသည့် နည်းလမ်းများဖြင့် တားဆီးခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တားဆီးရန်အတွက် မိမိပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုလျက်ရှိသည့် အဓိကကျသော အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ရှားပါးအရင်းအမြစ်များ အသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ခွဲခြားခွင့်ပြုခြင်းဟု ဖြည့်စွက်ထားပါတယ်။

၂၇။ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူသည် အခြားစီးပွားရေး လုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ် သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုကို စာချုပ်သက်တမ်း မကုန်ဆုံးမီ စာချုပ်ဖောက်ဖျက်စေရန် သွေးဆောင် ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၇(စ)(ည)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ဂ)(င)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(ခ)(ဂ-၃)(ဃ)၊ အပိုဒ်၂၄(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(ခ)(ဃ)(စ)၊ အပိုဒ် ၂၈ ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆(စ)(ည)၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၁၈(က)(ဂ)(င)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ)(ဂ-၃)(ဃ)၊ အပိုဒ် ၂၃(ခ)(ဂ)၊ အပိုဒ် ၂၄(က)(ခ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ (ခ) (ဃ)(စ)(ဆ)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

**အချိန်၊ ၁၄း၁၄။**

အခန်း(၉)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁(က)(ခ) (ဂ)(ဃ)၊ အပိုဒ် ၃၂(က)(ခ)၊ အပိုဒ် ၃၃

၂၉။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါ လုပ်ဆောင်ချက်များပါဝင်သည် -

(က) စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း။

ရှင်းလင်းချက်။ ။ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်းဆိုရာတွင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းများမှ ထိုစီးပွားရေးလုပ်ငန်းများထဲမှ တစ်ခုသို့ မိမိတို့၏ တရား

ဝင်ပိုင်ဆိုင်သောပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့် အကျိုးအမြတ်များကို လွှဲပြောင်းပေးခြင်းဖြင့် ပူးပေါင်းလိုက်သည့် တစ်ချိန်တည်းမှာပင် ယခင်စီးပွားရေး လုပ်ငန်းများ၏ ရပ်တည်မှု ပြီးဆုံးသွားခြင်းကို ဆိုသည်။

**ဥက္ကဋ္ဌ**။ ။ ဒီအရေးအသားတွေမှန်ရဲ့လားမသိဘူး ဦးဝင်းမောင်။ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်းဆိုရာတွင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းများမှ ထိုစီးပွားရေး လုပ်ငန်းများထဲမှ ဘာလဲအဲဒါ။ စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်းဆိုရာတွင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းများက ဖြစ်ရမှာပေါ့။ ဟုတ်ရဲ့လား။ ဦးဇော်မြင့်ဖေ စဉ်းစားပါ။ လုပ်ငန်းများက အဲဒီ လုပ်ငန်းများက Subject ဖြစ်သွားမှာပေါ့။ ထိုစီးပွားရေးလုပ်ငန်းများထဲမှတစ်ခုသို့ မိမိတို့၏စီးပွားရေး လုပ်ငန်းများဖြစ်သော တာဝန်၊ ဝတ္တရားများကိုလွှဲပြောင်းပေးခြင်းဖြင့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းထဲကနေပြီးတော့ အဲဒီစီးပွားရေးလုပ်ငန်းများထဲမှ တစ်ခုကို မိမိတို့ပိုင်ဆိုင်တဲ့အခွင့်အရေး၊ တာဝန်ဝတ္တရားများ၊ အကျိုးအမြတ်များလွှဲပြောင်းပေးရမည် အဲဒါဆို (က)မှ မှန်မယ်။ မှကို က လို့ ပြင်လို့ရှိရင် အဓိပ္ပာယ်ကိုက်သလား။ ဥပဒေကြမ်းကော်မတီ။ ဥပဒေကြမ်းကို ခင်ဗျားတို့ အများနားလည်အောင်ရေးနော်။ ဝန်ကြီးဘယ်လိုသဘောရသလဲ။

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ အင်္ဂလိပ်ကို မြန်မာအဓိပ္ပာယ်ပြောင်းတဲ့နေရာမှာ ဟို ကွဲသွားတာ ဖြစ်ပါ တယ်။ ပထမက ဥက္ကဋ္ဌကြီး အင်္ဂလိပ်လို ဖျက်ခိုင်းတဲ့ (Merger) နောက် (Acquisition) မျိုးကို ပြန်ပြီး အကျယ်ချဲ့ထားတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ပထမ (က) စီးပွားရေးလုပ်ငန်းများပေါင်းစည်းခြင်းမှာက တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသောဆိုတာက တစ်ခုထဲရှိတဲ့ စီးပွားရေးလုပ်ငန်းများက သူက ဟို ကိုယ်က ကုမ္ပဏီတစ်ခု ရှိတယ်။ ကုမ္ပဏီအောက်မှာ သူ့ရဲ့ ကုမ္ပဏီခွဲရှိတဲ့ဟာကို ပြန်ပြီးပေါင်းစည်း လိုက်ပြီးတော့ သူက ဒီထက်ကြီးအောင်၊ အင်အားကြီးအောင် အဲဒီလိုမျိုးသဘောဖြစ်ပါတယ်။

ဒုတိယအပိုဒ် စီးပွားရေးလုပ်ငန်းပေါင်းစပ် ဖွဲ့စည်းခြင်းကျတော့ သူကကိုယ့်ကုမ္ပဏီက နေပြီးတော့ နောက်ကုမ္ပဏီတစ်ခုရဲ့ သူများတစ်ယောက်ပိုင်ဆိုင်တဲ့နောက်ကုမ္ပဏီတစ်ခုရဲ့ ဒါမျိုး နှစ်ခု ပေါင်းလိုက်တဲ့ သဘောမျိုးဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ နောက် ဗမာလို ရေးထားတာကတော့ တော်တော်လေး ရှုပ်တဲ့သဘောမျိုးဖြစ်သွားပါတယ်။ ဒီထက်ရှင်းရင်တော့ ရှင်းအောင်လုပ်ပေးနိုင်ရင်တော့ တကယ်လို့ ဥပဒေမှာ ကျွန်တော်တို့ရှင်းလင်းချက်တွေတော့ ထည့်လိုရမယ်မထင်ပါဘူး။ အဲဒီတော့(ခ) စီးပွားရေး လုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်းနဲ့ (ခ)စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်း ဒီ(၂)ခု တည်းနဲ့ပဲ လုံလောက်မလား ဒါလေးကို စဉ်းစားပေးစေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှင်းလင်းချက်မထည့်ရင်လည်း ရပါတယ်။ နည်းဥပဒေနဲ့ဖော်ပြလိုက်လို့ရှိရင် ဘယ်လိုလုပ်ရမလဲဆိုတာ။ ရှင်းလင်းချက်ဖြုတ်လိုက်မယ်။ လုပ်နည်းပါသောဆို ရှင်းတာပဲ။ အောက်က စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်း (ခ)ကိုလည်း ရှင်းလင်းချက်ဖြုတ်လိုက်မယ်။ နည်းဥပဒေကျတော့မှ လုပ်နည်းပါသွားမယ်။ အလားတူပေါ့ ရှင်းလင်းချက်တွေ အကုန်ဖျက်လိုက်မယ်နော်။ ပြန်ဖတ်ပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁(က)(ခ) (ဂ)(ဃ)၊

အပိုဒ် ၃၂(က)(ခ)၊ အပိုဒ် ၃၃

၂၉။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းတစ်ခုက အခြားစီးပွားရေးလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊ ရယူခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ခြင်း၊

(င) ကော်မရှင်ကသတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်း ဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၀။ ပုဒ်မ ၂၉ ပါ လုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်နိုင်သည့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို မပြုရ-

(က) အချိန်ကာလတစ်ခုအတွင်း ဈေးကွက်လွှမ်းမိုးမှုကို အလွန်အမင်း မြင့်မားစေရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းတစ်ခုတည်း သို့မဟုတ် အနည်းစုသာရှိသော ဈေးကွက်ရရှိစေရန်အတွက် စီးပွားရေး လုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုကို ကျဆင်းစေသည့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃၁။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရာတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများ၏ ပေါင်းစပ်လိုက်သည့် ဈေးကွက်ဝေစုမှာ ကော်မရှင်က သတ်မှတ်ထားသည့် ဈေးကွက် ဝေစု ကန့်သတ်ချက်ထက်ကျော်လွန်ပါက မည်သည့်စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်းမှုကိုမဆို တားမြစ်သည်။

၃၂။ ဤဥပဒေ၏ ပုဒ်မ ၃၀ နှင့် ၃၁ အရ တားမြစ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တားမြစ်ချက် တစ်ခုခုကို အောက်ဖော်ပြပါကိစ္စရပ်များတွင် ကင်းလွတ်ခွင့်ပေးနိုင်သည်-

(က) ပုဒ်မ ၂၉ အရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ပြီးသော်လည်း ထိုစီးပွားရေးလုပ်ငန်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အရွယ်အစားအတွင်း၌ပင် ရှိနေသေးသည့် အခြေအနေ၊

(ခ) ပူးပေါင်းဆောင်ရွက်မှုတွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသောစီးပွားရေးလုပ်ငန်းများသည် ပြိုလဲပျက်စီးနိုင်သည့် အခြေအနေ သို့မဟုတ် ဒေဝါလီခံရတော့မည့်အခြေအနေ၊

(ဂ) စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ပို့ကုန်တင်ပို့မှု မြင့်တင်ရေး အပေါ် အကျိုးသက်ရောက်မှုရှိသော အခြေအနေ သို့မဟုတ် နည်းစနစ်နှင့် နည်းပညာ

တိုးတက်မှုကို အထောက်အပံ့ပေးသည့် အခြေအနေ သို့မဟုတ် စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းများ တည်ထောင်သည့် အခြေအနေဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၂ (က)(ခ)၊ အပိုဒ် ၃၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၉ (က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ (က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၄(ခ)(ဂ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈

အခန်း(၁၀)

ကော်မရှင်၏ အရေးယူပိုင်ခွင့်နှင့် အယူခံခွင့်

၃၃။ ကော်မရှင်သည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူကို အောက်ပါ အရေးယူမှု တစ်ရပ်ရပ်ဖြင့် ဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပိုသော အရေးယူမှု များဖြင့် ဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်-

**ဥက္ကဋ္ဌ**။ ။ တစ်ရပ်ထက်ပိုသော ဆိုရပါတယ်။ ရပ် (၂)ခုထပ်နေတယ်။

(ခ) ပြင်းထန်စွာ သတိပေးခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်း ပိတ်သိမ်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃၄။ ပုဒ်မ ၃၃ အရ ကော်မရှင်ကချမှတ်သည့် အရေးယူဆောင်ရွက်မှု တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအရေးယူ ဆောင်ရွက်မှုပြုလုပ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်ဥက္ကဋ္ဌထံသို့ အယူခံ ဝင်ရောက်ခွင့်ရှိသည်။

၃၅။ ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မ ၃၄ အရ အယူခံသည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၆။ ကော်မရှင်၏ အရေးယူဆောင်ရွက်မှုများသည် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်း အရ ဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်း မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၄(ခ)(ဂ)၊အပိုဒ် ၃၅၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃(ခ)(ဂ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၁)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆

၃၇။ မည်သူမဆို စုံစမ်းစစ်ဆေးရေးအဖွဲ့က ဤဥပဒေအရ စုံစမ်း စစ်ဆေးမှုပြုရန်အတွက် သက်သေခံအထောက်အထား သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် ငွေရေးကြေးရေး အထောက် အထားတစ်ခုခုကို တောင်းယူရာတွင်ဖြစ်စေ၊ သက်သေအဖြစ် ခေါ်ယူမေးမြန်းရာတွင်ဖြစ်စေ ခိုင်လုံ သောအကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူ ကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ ချမှတ်နိုင် သည်။

၃၈။ မည်သူမဆို ပုဒ်မ ၁၃၊ ပုဒ်မ ၁၈ သို့မဟုတ် ပုဒ်မ ၂၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့်လျော်ကြေးကို ပေးလျော်စေနိုင်သည်။

၃၉။ မည်သူမဆို ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်း ငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော် စေနိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း

တစ်ရာ့ငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော် စေနိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း တစ်ရာ့ငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော်စေနိုင်သည်။

၄၂။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက် မပို သော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော်စေနိုင်သည်။

၄၃။ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော်စေနိုင်သည်။

၄၄။ မည်သူမဆို ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ် ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော် စေနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

၄၅။ မည်သူမဆို ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည့်အပြင် ထိုက်သင့်သည့် လျော်ကြေးကို ပေးလျော် စေနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၂)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃၊

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်အား တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၈။ ဤဥပဒေအရ တရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းဖြစ်လျှင် ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကို ၎င်းမသိရှိဘဲ ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကိုတားဆီးရန် ထိုက်သင့်သောလုံ့လဝီရိယ စိုက်ထုတ်၍ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါ စီးပွားရေး လုပ်ငန်းအဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကို ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါ တာဝန်ရှိသူသည် ယင်းပြစ်မှုအတွက် ပူးတွဲ၍ အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်ဟု ပြင်ဆင်ထားပါတယ်။

၄၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ဖြည့်စွက်ထားပါတယ်။

၅၁။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့်ကိစ္စတစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် တစ်ဦးဦးကိုသော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကို သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်း မရှိစေရ။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၂၊ အပိုဒ် ၅၃ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၁၊ အပိုဒ် ၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

အခန်း (၃)၊ အပိုဒ် ၄(ဃ)၊

အခန်း (၁၀)၊ အပိုဒ် ၃၄(ဃ)၊ အပိုဒ် ၃၇

အခန်း (၁၂)၊ အပိုဒ် ၄၇ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁(ခ)၊ အပိုဒ် ၂(က)(ခ)(ဈ)(ဌ)(ဍ)(ပ)(ဇ)(တ)

အခန်း(၄)၊ အပိုဒ် ၅(ခ)

အမှတ်စဉ်ပြောင်းလဲထားသည့်

အခန်း(၃)၊ အပိုဒ် ၄(စ)

အခန်း(၇)၊ အပိုဒ် ၁၃(က)(ခ)(ဂ)၊ အပိုဒ် ၁၅(က)(ခ)(ဂ)

အခန်း(၈)၊ အပိုဒ် ၁၆(က)(ခ)(ဂ)(ဃ)(င)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၁၈ (ခ)(ဃ)(စ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂(က)(ဂ)(၁)(၂)၊ အပိုဒ် ၂၃(က)၊ အပိုဒ် ၂၆(က)(ဂ)(င)၊ အပိုဒ် ၂၈၊

အခန်း(၁၀)၊ အပိုဒ် ၃၃(က)၊

အခန်း(၁၂)၊ အပိုဒ် ၄၆၊ အပိုဒ် ၅၀ တို့ကို မူလ အဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၀။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ အတည်ပြုပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံမှာ အဆိုတင်သွင်းတာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဥပဒေဟာ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလုပ်ငန်းတွေမှာ တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊ ပြည်တွင်းပြည်ပကုန်သွယ်ရေးနဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်မှာ မျှတမှုမရှိသော ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်စေရန် ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းအား အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းတို့အား ဥပဒေနဲ့အညီခွင့်ပြုပေးနိုင်ရန်နဲ့ စီးပွားရေး လုပ်ငန်းများအကြား ကန့်သတ်ထားရှိတဲ့ သဘောတူညီချက်နဲ့ အစီအမံများအား ဖယ်ရှားထိန်းချုပ်နိုင် ဖို့ကို ရည်ရွယ်ရေးဆွဲထားတဲ့အတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှုဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှာ အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၃၁။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးက အဆိုတင်သွင်းသွားတဲ့ ယှဉ်ပြိုင်မှုဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် ကျွန်တော်ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးနု က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို ပြင်ဆင် ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာယှဉ်ပြိုင်မှု ဥပဒေကြမ်းသည် ပြင်ဆင် ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၄း၃၂)နာရီတွင် ရပ်နားပြီး (၁၄း၄၈)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၄၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)၏ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော် တင်သွင်းထားတဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာ ရရှိနိုင်ရေး ပြန်လည် စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ၁၄-၇-၂၀၁၄ ရက်နေ့တွင်ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးခဲ့ပါတယ်။

ယခု အဆိုနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၃။**

**ဦးတင်ဝင်း (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများနှင့် ကြွရောက်လာသူအားလုံးအပေါင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ဝင်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော်၏ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တင်ပြရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဖိုးဇော်မှ အခုလို မြစိမ်းရောင်ကျေးရွာစီမံကိန်းနဲ့ စပ်လျဉ်းပြီးတော့ စိတ်ပါဝင်စား စွာ အဆိုတင်သွင်းသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလို ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရသစ် တာဝန်ယူချိန်မှစပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုတစ်ဝှမ်းမှာ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီး ဌာနအသီးသီးနဲ့ အစိုးရအဖွဲ့အသီးသီးကလည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၈)ရပ်ကိုချမှတ်ပြီးတော့၊ ကော်မတီများဖွဲ့စည်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက် တဲ့အခါမှာ ထိရောက်အောင်မြင်ပြီးတော့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်း

ဖော်ဆောင်နိုင်ရန် ခိုင်မာတဲ့မဟာဗျူဟာ မူဘောင်ဟာအရေးကြီးပါတယ်။ အဲဒီလို မဟာဗျူဟာမူဘောင်ကို အထောက်အကူပြုနိုင်မယ့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို အလှူရှင်၊ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့်(၈)ကြိမ်တိုင်တိုင် ဆွေးနွေးညှိနှိုင်းပြီး အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါတယ်။

ရေးဆွဲပြီးတဲ့ မဟာဗျူဟာ(၅)ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုမေးမြန်းသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည် ဖော်ခြင်းဖြစ်ပါတယ်။ မဟာဗျူဟာ မူဘောင်၏ မျှော်မှန်းချက်ကတော့ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၀၁၅ ခုနှစ်မှာ (၁၆)ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြို့ပြကျေးလက်ကွာဟချက်ကျဉ်းမြောင်းစေရန် ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းရဲ့ အဓိကရည်မှန်း ချက်များမှာ စီမံကိန်းကျေးရွာမှာရှိတဲ့ ပြည်သူများအတွက် (က) အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးတက်စေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းကိုလျှော့ချရန်၊ (ခ) တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရန်၊ (ဂ) ကျေးလက်ဒေသ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးစေရန်၊ (ဃ) ကျေးလက်ဒေသလူထု၏ စွမ်းဆောင်ရည်တိုးတက်စေရန်နှင့် မမျှော်မှန်းနိုင်တဲ့ ဘေးအန္တရာယ်များကျရောက်လာတဲ့အခါမှာလည်း တုံ့ပြန်နိုင်စွမ်းအားကောင်းတဲ့ လူမှုအဖွဲ့အစည်း ပေါ်ပေါက်စေရန်တို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ၂၀၁၀ ခုနှစ်မှာ ကောက်ယူတဲ့ မြန်မာနိုင်ငံရဲ့ အိမ်ထောင်စု စားဝတ်နေမှုအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ ကျေးလက်နေပြည်သူ (၇၀)ရာခိုင်နှုန်းအနက်မှ ပြည်သူ (၁၂)သန်း အိမ်ထောင်စုအားဖြင့် (၁.၉၉)သန်း ဆင်းရဲသူများဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်မှာ ဆင်းရဲမှုနှုန်းမြင့်မားပြီးတော့ ဆင်းရဲသားအရေအတွက်များပြားတဲ့ ခရိုင်ပေါင်း (၃၈)ခရိုင်၊ မြို့နယ်ပေါင်း(၁၄၃)မြို့နယ် ပါဝင်ပြီးတော့ ကျေးရွာအနေနဲ့ဆိုရင် (၁၁၀၄)ရွာ ပါပါတယ်။ အဲဒီဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်မှာလည်း ဖြစ်ပါတယ်။ သို့သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အခြားဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှလည်း ဆောင်ရွက်လျက် ရှိသည့်အတွက်ကြောင့် စီမံကိန်းလုပ်ငန်းများကို ထပ်မနေစေရန်နှင့် စနစ်တကျ စာရင်းဇယားများ ပြုပြီးတော့ ၎င်းလုပ်ငန်းဆောင်ရွက်ခြင်းမရှိသေးတဲ့ သို့မဟုတ် ဆောင်ရွက်မှုနည်းပါးတဲ့ မြို့နယ်(၁၃၀)၊ မြို့နယ်ခွဲက(၈)ခု၊ ကျေးရွာပေါင်းက (၁၁၅၀)ကို ရွေ့ပြေးစီမံကိန်းအဖြစ် ယခုနှစ်၊ ယခုဘဏ္ဍာရေးနှစ်မှာ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ စီမံကိန်းကျေးရွာများ ရွေးချယ်ရတဲ့အခါမှာ ဦးစားပေးရွေးချယ်မှု မူများအဖြစ် ဖွံ့ဖြိုးရေးလိုအပ်ချက် မြင့်မားခြင်း၊ အကျိုးခံစားရမယ့်သူများပြားခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး လွှမ်းခြုံမှုရှိစေခြင်း၊ လက်တွေ့ဆောင်ရွက်နိုင်ခြင်း၊ မြင်သာခြင်းနှင့်ဆင့်ပွားနိုင်ခြင်းတို့ကို အခြေခံပြီးတော့၊ သတ်မှတ်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ဖွံ့ဖြိုးရေး အထောက်အကူပြု

ကော်မတီများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၏ ညှိနှိုင်းသဘောတူညီချက်များဖြင့် ရွေးချယ်ခဲ့ပါတယ်။

ထိုသို့ရွေးချယ်တဲ့အခါမှာ ပထမအချက်ကတော့ ဆင်းရဲသောကျေးရွာဖြစ်ခြင်း၊ ဒုတိယအချက်က မွေးမြူရေးအကောင်အထည်ဖော်နိုင်မှု၊ တစ်ပိုင်တစ်နိုင်နဲ့ စီးပွားဖြစ်မွေးမြူနိုင်မှု၊ အလားအလာရှိမှု၊ (၃)အချက်ကတော့ တရားဥပဒေစိုးမိုးခြင်း၊ အရက်ပုန်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးကင်းစင်ခြင်း၊ (၄) အချက်ကတော့ ကျေးရွာသူ၊ ကျေးရွာသားများစိတ်အားထက်သန်မှု၊ (၅)အချက်ကတော့ ပညာရည်မြင့်မားရေးကို လိုလားအားပေးမှု၊ (၆)အချက်ကတော့ ကျန်းမာသန့်ရှင်းရေးဆိုင်ရာဆောင်ရွက်မှုတို့ကို ရွေးချယ်၍ ဆန္ဒပြုရွေးချယ်သတ်မှတ်ပေးရပါတယ်။ ထိုသို့ ရွေးချယ်ပေးမှုကြောင့်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်၊ တိုင်းဒေသကြီး(၁၄)ခု၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာရှိတဲ့ ခရိုင်(၄၇)ခရိုင်၊ မြို့နယ်(၁၃၀)၊ မြို့နယ်ခွဲ(၈)ခုမှာရှိတဲ့ ကျေးရွာပေါင်း (၁၁၅၀)မှာ ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ပေးတဲ့အခါမှာ ကချင်ပြည်နယ်မှာ(၄၂)ရွာ၊ ကယားပြည်နယ်မှာ(၁၁)ရွာ၊ ကရင်ပြည်နယ်မှာ(၃၆)ရွာ၊ ချင်းပြည်နယ်မှာ (၂၄)ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ(၁၀၁)ရွာ၊ တနင်္သာရီတိုင်းဒေသကြီးမှာ(၂၁)ရွာ၊ ပဲခူးတိုင်းဒေသကြီးမှာ(၁၁၆)ရွာ၊ မကွေးတိုင်းဒေသကြီးမှာ(၈၃)ရွာ၊ မန္တလေးတိုင်း ဒေသကြီးမှာ(၈၃)ရွာ၊ မွန်ပြည်နယ်မှာ(၂၁)ရွာ၊ ရခိုင်ပြည်နယ်မှာ(၆၃)ရွာ၊ ရန်ကုန်တိုင်းဒေသကြီးမှာ(၄၂)ရွာ၊ ရှမ်းပြည်နယ်မှာရွာပေါင်း (၂၆၀)၊ ဧရာဝတီတိုင်းမှာ(၂၀၉)ရွာ၊ နေပြည်တော်နယ်မြေမှာ(၁၃)ရွာ၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ(၅)ရွာ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၅)ရွာ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ(၅)ရွာ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ(၅)ရွာ၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ(၅)ရွာ တို့ဖြစ်ပါတယ်။ ဒါတွေကိုလည်းကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများအပါအဝင် ကျွန်တော်တို့အသေးစိတ်စီစဉ်ထားရှိခြင်းဖြစ်ပါတယ်။ စီမံကိန်းကျေးရွာတစ်ခုမှာ အရင်းမပျောက် မတည်ငွေ ကျပ်သိန်း(၃၀၀)မတည်ပေးခြင်းအတွက် ကျေးရွာပေါင်း(၁၁၅၀)အတွက် ငွေကျပ်(၃၄.၅) ဘီလီယံ ကုန်ကျမှာဖြစ်ပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခြင်းလည်းဖြစ်ပါတယ်။

နိုင်ငံတော်ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ နိုင်ငံခြားအကူအညီနှင့် ချေးငွေများရရှိမှုအပေါ် မူတည်၍လည်းကောင်း ကျန်ရှိတဲ့ကျေးရွာများမှာလည်း ဒီအဆိုပါစီမံကိန်းကို တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပြီးတော့ ထိုသို့အကောင်အထည်ဖော်နိုင်လို့ရှိရင်လည်း နိုင်ငံတော် အနှံ့အပြားမှာရှိတဲ့ စီမံကိန်းကျေးရွာများပိုမိုပြီးတော့ ပေါ်ထွန်းလာမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အထက်ပါမူဝါဒများနဲ့အညီ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့မှာလည်း အချိုးကျစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သဖြင့် မြစိမ်းရောင် ကျေးရွာစီမံကိန်းမှာ အကျိုးရလာဒ်ကောင်းများ ပေါ်ထွက်နိုင်ရေး ဦးတည်ဆောင်ရွက်ထားခြင်း လည်းဖြစ်ပါတယ်။ ထို့အပြင် ယခုဘဏ္ဍာရေးနှစ်မှာ စီမံကိန်းကျေးရွာပေါင်း(၁၁၅၀)၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ၊ ယခုနှစ်ဇွန်လမှာ ရန်ပုံငွေများကိုလွှဲပြောင်းပေးအပ်ပြီးလည်း ဖြစ်ပါတယ်။ အဲဒီအပြင် စီမံကိန်းကျေးရွာများမှာ ဖွဲ့စည်းထားတဲ့ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်ရေး ကော်မတီများကလည်း ကျေးရွာရှိအိမ်ထောင်စုများသို့ ရန်ပုံငွေများ

ထုတ်ပေးပြီးဖြစ်ပါသဖြင့် ပြန်လည်စီမံဆောင်ရွက်ရန် ယခုနှစ်မှာအခက်အခဲရှိပါသဖြင့် နောင်လာမည့်နှစ်များတွင်၊ နောင်လာမည့်ဘဏ္ဍာရေးနှစ်များတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေခွဲဝေရရှိမှု၊ နိုင်ငံခြားကူညီထောက်ပံ့မှုနှင့် ချေးငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ စီမံကိန်းအားတိုးချဲ့ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းအဆိုပြုထားတဲ့ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှဆောင်ရွက်လျက်ရှိတဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း၌ တိုင်းနဲ့ပြည်နယ်အလိုက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ခွဲဝေထားတဲ့ ရန်ပုံငွေများကိုမျှတညီညွတ်စွာရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီးတော့ မဟာဗျူဟာမူဘောင်ချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အဓိကရည်မှန်းချက်များ တိကျစွာထားရှိခြင်း၊ ရှေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျေးရွာအဆင့် သတ်မှတ်ချက်များ၊ လုပ်မူစီးပွားစံနှုန်းများနှင့်အတူ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ပြီးတော့ စဉ်းစားပေးဖို့ လေးစားစွာ ကျွန်တော်တင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅:၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးဖိုးဇော် ရဲ့ သဘောထား တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၀၂။**

**ဦးဖိုးဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဂါရဝရှေ့ထားလေးစားပါကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဆိုကိုစတင်စဉ်ကာလမှာလည်း ဥက္ကဋ္ဌကြီးကိုကျွန်တော်တင်ပြဆွေးနွေးပြီးသားဖြစ်ပါတယ်။ ဘာကြောင့်လည်းဆို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များမိမိတို့မြို့နယ်များမှာ မြစိမ်းရောင်စီမံကိန်းနဲ့ ပတ်သက်လို့ အကျိုးခံစားခွင့်ရရှိအောင် အကူအညီတောင်းခံတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဖြေစရာမရှိပါဘူး။ အဲဒီနေရာမှာလည်းကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကတော့ အဆိုတင်ထားပါတယ်။ သို့သော်လည်း အဆိုတင်သွင်းပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ပြန်လည်ဖြေရှင်းတာကို ပြည်သူများ နားထောင်ပါလို့ပဲ ပဏာမကတည်းက ကျွန်တော်တင်ပြပြီးဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ လက်ရှိအခြေအနေမှာဆိုရင်လည်း တိုင်းနဲ့ပြည်နယ်အလိုက် မြစိမ်းရောင်စီမံကိန်းနဲ့ ပတ်သက်လို့ ခွဲဝေချထားမှုနဲ့ငွေကြေးရန်ပုံငွေအားဖြင့်တော့ ကျွန်တော်တို့ အောက်ခြေကိုချပေးထားတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ တိုင်းနဲ့ပြည်နယ် အလိုက် ကျေးရွာပေါင်း(၁၁၅၀)၊ ဘီလီယံ(၃၄.၅)ဘီလီယံ ကျွန်တော်တို့ ချပေးတဲ့နေရာမှာလည်း ကျွန်တော်တို့ ဗဟိုအကောင်အထည်ဖော်မှုကော်မတီကလည်း ဒါကိုကျွန်တော်တို့ ဇွန်လမှာ လွှဲပြောင်းပေးပြီးပြီ။ ကျွန်တော်တို့မှာလွှဲပြောင်းပေးပြီးတဲ့အခါမှာ ကျွန်တော်တို့ဒါ ဇူလိုင်လမှာ ကိုယ်စားလှယ်များက မြစိမ်းရောင်စီမံကိန်းနဲ့ ပတ်သက်လို့ တင်ပြတဲ့နေရာမှာလည်း ကျွန်တော်တို့ ကော်မတီအစည်းအဝေး လုပ်တဲ့နေရာမှာလည်း ကျွန်တော်တို့

သတိထားမိပါတယ်။ ဒုတိယဝန်ကြီး ကိုယ်တိုင်လည်း ဖြေသွားပါတယ်။ ဘာဖြေသွားလည်းဆို ကျွန်တော်တို့ ဒါတိုင်းနဲ့ပြည်နယ်အစိုးရ အဖွဲ့ကိုချပေးပြီးတဲ့နေရာမှာလည်း ရန်ပုံငွေက သုံးစွဲပြီးသွားပြီ လို့လည်းသိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ဒါကိုသိပ်ပြီးတော့ ကိုယ်စားလှယ်များအနေနဲ့ ကျွန်တော်တို့ ကျွန်တော့်အနေနဲ့လည်း အဆိုတင်တယ်။ တိုင်းနဲ့ပြည်နယ် အသီးသီးမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်းမှာရှိတဲ့ ကိုယ်စားလှယ်(၄)ဦးကလည်း ကျွန်တော်တို့ ဒါအချက်အလက်တွေနဲ့ ခိုင်ခိုင်မာမာ ထောက်ပြသွားတာ မှန်ပါတယ်။ သို့သော်လည်း ဒါကိုကျွန်တော်တို့က အကြပ်အတည်း ပြန်လည်ပြုပြင် ပြီးတော့ ဆောင်ရွက်ပေးဖို့ဆိုတာ ဖြစ်မယ်ဆိုရင်လည်း အခက်အခဲအကြပ်အတည်း ဖြစ်မှာဖြစ်ပါတယ်၊ အစိုးရအနေနဲ့က ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ လာမယ့်နှစ်များမှာ အခုလို မဖြစ်ဘဲနဲ့ ကျွန်တော်တို့ မျှမျှတတ ရန်ပုံငွေရရှိမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူများလည်း ကျေနပ်မယ်။ ကိုယ်စားလှယ်များ လည်းသိက္ခာရှိမယ်၊ နိုင်ငံတော်အပိုင်းကလည်း ကျွန်တော်တို့ ဆောင်ရွက်တဲ့နေရာမှာ မျှမျှတတ ဖြစ်လာလိမ့်မယ်။ ဒါကိုပြန်လည်သုံးသပ်တယ်ဆိုတာကို ပြည်သူတွေ သိသွားမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော့်အဆိုကို ကျွန်တော်တို့ လာမယ့်နှစ်များမှာ ကျွန်တော်တို့ဒါ မျှမျှတတ ပြန်လည်ခွဲဝေ နိုင်ပြီး စီမံဆောင်ရွက်ပေးရန်အဆိုကို ကျွန်တော်တို့ ဖြစ်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါ့မယ်။

**အချိန်၊ ၁၅း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလအဆိုရှင် ဦးဖိုးဇော် က ဝန်ကြီးရဲ့တင်ပြချက်အပေါ် မူတည်ပြီးတော့ အဆိုကိုပြန်လည်ပြင်ဆင်သွားပါတယ်။ အဆိုမှာ ကျေးလက် ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို လာမည့်နှစ်များတွင် မျှတညီညွတ်စွာ ရရှိနိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံး အဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်း ဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၁၅၁)၊ ကန့်ကွက် (၁)၊ ကြားနေ (၃) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးဖိုးဇော် ရဲ့ ပြင်ဆင်ထားတဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၃)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၃၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် (သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၅း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]